http://www.dhammadownload.com

သာမဏေကျော်

# မသိလို့ မေးပါရစေ

ပါရမီ
စာပေ

http://www.dhammadownload.com

သာမဏေကျော်

# မသိလို့မေးပါရစေ

ပါရမီ
(စာပေ)

http://www.dhammadownload.com

မသိလို့မေးပါရစေ
ပထမအကြိမ်၊ ၂၀၀၃ ခုနှစ် ဇူလိုင်လ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ သန်းမြင့်အောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၅၆/ ၂၀၀၃(၆)နှင့် စာမူ
ခွင့်ပြုချက်အမှတ် ၃၅၃/ ၂၀၀၃(၅)တို့အရ ဦးတင်ရိန်
(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ ထုတ်ဝေ၍ မျက်နှာဖုံးနှင့်
အတွင်းစာသားကို ဦးကျော်သင်း (၀၅၈၂၉) သံလွင်ဦး
ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်က ပုံနှိပ်သည်။

တန်ဖိုး ၄၀၀ ကျပ်

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

http://www.dhammadownload.com

# မာတိကာ


၁။ ဗုဒ္ဓဘာသာဝင်တွေက "ဉုံ"ကို ရွတ်ဆိုသင့်ပါသလား။ ၂၁

၂။ "ဉုံ"ရဲ့အဓိပ္ပာယ်က ဘယ်လိုပါလဲ။ ၂၁

၃။ "ဉုံ"ကို ဘယ်သူတွေက ဘယ်အခါမှာ အသုံးပြုကြတာပါလဲ။ ၂၂

၄။ ရှေးက မြောက်ကျွန်းလို့ခေါ်တဲ့အရပ်ဟာ ယခုအခါ ဘယ်အရပ် ဖြစ်နိုင်ပါသလဲ။ ၂၂

၅။ ယခုခေတ်မှာ လေယာဉ်ပျံနဲ့ရော၊ အာကာသယာဉ်နဲ့ပါ ကမ္ဘာကို အကြိမ်ကြိမ်ပတ်ပြီး စူးစမ်းရှာဖွေကြရာ မြင်းမိုရ်တောင်ကို မတွေ့ကြရပါ။ ဒါ့ကြောင့် မြင်းမိုရ်တောင်ကို ဘယ်လို ယူဆရပါမလဲ။ ၂၃

၆။ သိပ္ပံဆရာတွေကတော့ နေဟာ အချင်းအားဖြင့် ၈၆၄,၃၉၃ မိုင်ခန့်ရှိတယ်လို့ ဆိုကြပါတယ်။ အဲဒီလောက် ကြီးကျယ်တဲ့နေဟာ ကမ္ဘာဦးလူတို့ရဲ့ကိုယ်က အရောင်ပျောက်ပြီး အမှောင် ကျလာ ၂၃

http://www.dhammadownload.com



တဲ့ ခဏအတွင်းမှာ ရုတ်တရက် ဖြစ်ပေါ်လာတာလား။ ဒါမှမဟုတ် စောစောကပဲ ရှိနေတာလား။

၇။ သိပ္ပံဆရာတွေကတော့ ကြယ်တွေကို အခြား စကြဝဠာတွေမှ နေတွေ ဖြစ်ကြောင်းကို ပြဆိုကြပါတယ်။ အဲဒီအလိုအရ နက္ခတ်၊ ကြယ်တာရာတွေဟာ စောစောကပဲ ရှိနေကြတယ် မဟုတ်ပါလား။ ၂၄

၈။ ယခုလူတွေက နတ်ဘုံဗိမာန်တွေကို မမြင်ကြရတာဟာ အခြားဗိမာန်တွေက ကွယ်နေလို့ပါလား။ ၂၅

၉။ ဘုရားရှင်က တရားအလုံးစုံကို သိတယ်ဆိုရာမှာ အမြဲတမ်း သိပါသလား။ ၂၅

၁၀။ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာဟာ ဘယ်လောက်က ရောက်လာပါသလဲ။ ၂၅

၁၁။ ယခုခေတ်မှာ နှလုံးဟောင်းကို ထုတ်ပယ်ပြီး နှလုံးသစ်ကို ထည့်လျက် ကုသနေချိန်မှာ စိတ်တွေဟာ ဘာကို မှီပြီး ဖြစ်နေကြပါသလဲ။ ၂၆

၁၂။ ယခုနေကာလမှာ စိတ္တာနုပဿနာကစပြီး ရှုရတယ်လို့ ဆိုပြီး အားထုတ်နေကြပါတယ်။ ကျမ်းဂန်တွေမှာ ဘယ်လိုပြထားပါသလဲ။ ၂၇

၁၃။ ဝမ်းမီးဟာ ရက္ခိုသ်ဘီလူးနဲ့ ဘယ်လိုတူပါသလဲ။ ၂၈

http://www.dhammadownload.com



၁၄။ ခါတ်ကြီး ၄ ပါးကို မိတ်ဖက်၊ ဆန့်ကျင်ဘက် ဘယ်လို ခွဲခြားပါသလဲ။ ၂၈
၁၅။ လူသေရင် ဘာကြောင့် သရဏဂုံတင်ကြပါသလဲ။ ၂၉
၁၆။ နတ်ကို ကိုးကွယ်ရင် သရဏဂုံပျက်ပါသလား။ ၂၉
၁၇။ နတ်ကို ရှိခိုးပူဇော်ရင် သရဏဂုံပျက်ပါသလား။ ၂၉
၁၈။ မြင်ရ၊ ကြားရ၊ တွေ့သိရတာကို နိမိတ်ကောက် ရင် လောကီမင်္ဂလာ အယူရှိသူလို့ ဆိုနိုင်ပါသလား။ ၃၀
၁၉။ စိတ်က ဘယ်နေရာက ဖြစ်ပါသလဲ။ ၃၀
၂၀။ ဆရာဘုန်းတော်ကြီးကို ဆရာအဖြစ်နဲ့သာ ကိုးကွယ်ရင် သရဏဂုံနဲ့ ဆိုင်ပါသလား။ ၃၂
၂၁။ "ကုပ်လုပ် လေးတာ ပြန်ငါးရာ"ဆိုတာအဓိပ္ပာယ် ဘယ်လိုပါလဲ။ ၃၂
၂၂။ သုတ္တန်တော၊ ဝိနည်းတော၊ အဘိဓမ္မာတော်တို့ရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလဲ။ ၃၃
၂၃။ ဗုဒ္ဓနဲ့ စကြဝတေးမင်းတို့ရဲ့ လက္ခဏာဟာ ထူးပါသလား။ ၃၃
၂၄။ အချို့က "စိန္တိတံ သတ္တသင်္ချေယျံ" စသည်ဖြင့် ဘုရားဖြစ်ဖို့ရန် စိတ်နဲ့ ကြံရာကာလက ၇ အသင်္ချေ ကြာတယ်။ နှုတ်နဲ့ ဆုတောင်းရာကာလက ၉ အသင်္ချေ ကြာတယ်။ အဲဒီလို စသည်ဖြင့် ၃၄

http://www.dhammadownload.com



ပြောဆိုကြပါတယ်။ အဲဒီစကားဟာ သင်္ဂါယနာတင် အဋ္ဌကထာတွေမှာ လာပါသလား။
၂၅။ သစ်ပင်တွေမှာ အသက်ရှိပါသလား။ ၃၄
၂၆။ သစ်ပင်တွေမှာ ကြီးထွားတာ၊ ညှိုးနွမ်းတာတွေဟာ အသက်ရှိလို့၊ စိတ်ရှိလို့ပါလား။ ၃၅
၂၇။ ရဟန်းတွေက သစ်ပင်တွေကို ဘာကြောင့် မဖျက်ဆီးရတာပါလဲ။ ၃၆
၂၈။ တရားကို ဂီတသံပေါက်အောင် ရဟန်း၊ သာမဏေများ ရွတ်ဆိုကောင်းပါသလား။ ၃၆
၂၉။ ဥပုသ်သည်တွေဟာ လဲ(ဝါဂွမ်း)သွတ်ထားတဲ့ မွေ့ရာမှာ သိပ်ကောင်းပါသလား။ ၃၈
၃၀။ အင်္ကျီ၊ လက္ခဏာကျမ်းတွေကို ရှင် ရဟန်းတွေ သင်ယူပို့ချကောင်းပါလား။ ၃၈
၃၁။ "လငပုပ် ဖမ်းတယ်"ဆိုတာ ဘာကို ခေါ်တာပါလဲ။ ၃၈
၃၂။ "စတုမဓု" ဘယ်လိုဖော်စပ်ရပါသလဲ။ ၃၉
၃၃။ "နတ်သုဓာ"ဆိုတာ ဘာကို ခေါ်တာပါလဲ။ ၄၀
၃၄။ နတ်သုဓာရဲ့အနေအထားက ဘယ်လိုရှိပါသလဲ။ ၄၀
၃၅။ နတ်သုဓာကို စားရရင် အကျိုးဘယ်လောက်ရပါသလဲ။ ၄၀
၃၆။ နတ်သုဓာရဲ့ပမာဏက ဘယ်လောက်ရှိပါသလဲ။ ၄၁

http://www.dhammadownload.com



၃၇။ ဝသဝတ္တိနတ်ပြည်မှာ ဝသဝတ္တိနတ်မင်း ရှိပါလျက် မာရ်နတ်က ဘာလို့ ပိုထင်ရှားတာပါလဲ။ ၄၂

၃၈။ ဗြဟ္မာတွေဟာ အဲဒီဘုံနဲ့ဆိုင်တဲ့ ကုသိုလ်ဈာန်ကိုရော အောက်အောက်ဈာန်ကိုပါ အမြဲရနေကြတယ် မဟုတ်ပါလား။ ၄၂

၃၉။ သောတာပန်မှာ ဣဿာနဲ့ မစ္ဆရိယ ကင်းပါပြီလား။ ၄၂

၄၀။ လက်သည်း၊ ခြေသည်းအစတွေကို အိမ်ထဲ ထားရင် ကျက်သရေ မရှိဘူး၊ စီးပွားပျက်တတ်တယ်ဆိုတာ ဟုတ်ပါသလား။ ၄၄

၄၁။ ပိဋကစာပေထဲက တချို့အကြောင်းအရာတွေ ကယခုခေတ်သိပ္ပံဆရာတွေရဲ့လက်တွေ့နဲ့ မကိုက်ညီဘဲ ရှိနေပါတယ်။ အဲဒါမျိုးတွေနဲ့စပ်ပြီး အယူသည်းရင် မဂ်ရဲ့အန္တရာယ် (မဂ္ဂန္တရာယ်) ဖြစ်နိုင်ပါသလား။ ၄၅

၄၂။ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ရှိရင် မဂ္ဂန္တရာယ် ဖြစ်ပါသလား။ ၄၆

၄၃။ တရားထူးရတဲ့ ဘုရား၊ ရဟန္တာ ရှိတယ်ဆိုတာကို မယုံရင် မဂ္ဂန္တရာယ် ဖြစ်ပါသလား။ ၄၇

၄၄။ ဘုရားသခင်အလိုကျ ဖြစ်ရတယ်ဆိုတဲ့ အယူဟာ ဘယ်အယူထဲမှာ ပါပါသလဲ။ ၄၈

http://www.dhammadownload.com



၄၅။ ယခုခေတ်မှာ တရားအားထုတ်ပေမယ့် မဂ်ဖိုလ် တရားထူးကို မရနိုင်ဘူးလို့ ယူဆပြောဆိုရင် သူ့မှာ မဂ္ဂန္တရာယ် ဖြစ်နိုင်ပါသလား။ ၄၈
၄၆။ အတ္တစွဲကို မဖြုတ်ဘဲ တရားအားထုတ်ရင် မဖြစ်ဘူးလို့ ဟောနေတာ ရှိပါတယ်။ အဲဒါ ဟောသင့်ပါသလား။ ၄၉
၄၇။ "သူတို့ပြောဟောတာကို သိနားလည်ရင် ပြီးတယ်။ တရားအားထုတ်ဖို့ မလိုဘူး"လို့ ပြောဆိုကြပါတယ်။ အဲဒီစကားဟာ ကျမ်းဂန်နဲ့ ညီပါသလား။ ၅၀
၄၈။ မြတ်စွာဘုရားတောင်မှ ကျိန်းစက်တော်မူတော့ ဘုရားရှင်မှာ နီဝရဏ ထိနမိဒ္ဓ ရှိနေပါသေးသလား။ ၅၁
၄၉။ ဘုရားအစစ်အမှန် ဟုတ် မဟုတ်ကို ဘယ်လိုလုပ်ပြီး သိရပါမလဲ။ ၅၂
၅၀။ တရား အစစ်အမှန် ဟုတ် မဟုတ်ကို ဘယ်လိုလုပ်ပြီး သိရမှာပါလဲ။ ၅၃
၅၁။ သံဃာအစစ်အမှန် ဟုတ် မဟုတ် ဘယ်လိုသိရပါမလဲ။ ၅၄
၅၂။ သာသနာနှစ်ကို သိချင်ရင် ဘယ်လိုမှတ်ရပါမလဲ။ ၅၅

http://www.dhammadownload.com



၅၃။ "သကြိန်"ဆိုတာ ဘာကိုဆိုလိုပါသလဲ။ ၅၅
၅၄။ မဟာယာနဝါဒက ဘယ်တုံးကစပြီး ပေါ်ခဲ့တာ ပါလဲ။ ၅၆
၅၅။ သံဃာအစစ် အတု ဘယ်လိုခွဲခြားရပါမလဲ။ ၅၇
၅၆။ ဘုရားလောင်းမယ်တော်ဟာ ကွယ်လွန်တဲ့အခါ တုသိတာနတ်ပြည်မှာ နတ်သား ဖြစ်တာလား။ နတ်သမီး ဖြစ်တာလား။ ၅၈
၅၇။ သောတာပန်က ရတနာသုံးပါးအပေါ် ယုံကြည်ပုံကို ဘယ်ဥပမာနဲ့ သိနိုင်ပါသလဲ။ ၅၉
၅၈။ ဗြဟ္မာ့သန္တာန်က ရုပ်တွေဟာ အအေး၊ အပူ စတဲ့ ဆန့်ကျင်ဘက်အကြောင်းတွေနဲ့ မတွေ့ရတဲ့ အတွက် ဖောက်ပြန်ခြင်း မရှိလို့ ရုပ်မည်နိုင်ပါ သလား။ ၆၀
၅၉။ ဗုဒ္ဓါနုဿတိ စတဲ့ကမ္မဋ္ဌာန်းတွေလည်း နိဗ္ဗာန် ရောက်ကြောင်း ကမ္မဋ္ဌာန်းတွေပဲ မဟုတ်ပါလား။ ၆၀
၆၀။ ရဟန္တာတွေမှာ အကြောင်းမဲ့ လက်ခြေဆော့တာ အမှတ်တမဲ့ ပြောမှားမိတာ ညည်းညူတာတွေ ရှိပါ သလား။ ၆၁
၆၁။ သောတာပန်ဟာ ရုပ်နာမ်တရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ကိုယ်ပိုင်ဉာဏ်နဲ့ သိပြီးဖြစ်ပါ လျက် ဘာကြောင့် ထပ်ရှုရပါသလဲ။ ၆၁

http://www.dhammadownload.com



၆၂။ ရဟန္တာမှာတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေ ကို သိခြင်းကိစ္စ ပြီးပြီမဟုတ်ပါလား။ ဘာကြောင့် ရှုနေရပါသလဲ။ ၆၂

၆၃။ သောတာပန်ဟာ အတ္တဒိဋ္ဌိကို ပယ်ပြီးဖြစ်တဲ့ အတွက် အနတ္တသဘောကိုတော့ အပြည့်အစုံသိ ပြီး ဖြစ်သင့်ပါတယ်။ သို့ပါလျက် ဘာကြောင့် "အနတ္တ"လို့ ရှုရပါသလဲ။ ၆၂

၆၄။ မြတ်စွာဘုရားကို အလွန်လေးစားကြည်ညိုနေ ပါလျက် ပုထုဇဉ်ဟာ ဘုရားရဲ့သားတော်စစ်၊ သမီးတော်စစ် ဘာကြောင့် မဖြစ်ပါသလဲ။ ၆၃

၆၅။ ရဟန္တာဖြစ်ပြီးရင် ဘာမှလုပ်စရာ မရှိတဲ့အတွက် ဘာမှမလုပ်ဘဲ အငြိမ်းစားနေရတာ မဟုတ်ပါ လား။ ၆၃

၆၆။ ပုထုဇဉ်နဲ့ အရိယာမှာ စဖြစ်တဲ့ ဝိပဿနာဉာဏ် ချင်း တူကြပါသလား။ ၆၄

၆၇။ မဂ်ဖိုလ်ရောက်ပြီးရင် စိတ်နေစိတ်ထား ပြောင်း လဲသွားပါသလား။ ၆၄

၆၈။ ရက်ချုပ်မှတ်တမ်း (ဇာတာ)မှာ "ရတနာသုံးပါး ဦးထိပ်ထား၍ မာတာမိခင် ဖွားသန့်စင်သည်" စသည်ဖြင့် ရေးမှတ်တာဟာ ဘာကို ရည်ရွယ် တာပါလဲ။ ၆၅

http://www.dhammadownload.com



၆၉။ နောက်ဘဝ၊ ရှေ့ဘဝ ရှိတာကို သက်သေ အထောက်အထားနဲ့ ပြနိုင်ပါသလား။ ၆၅

၇၀။ ပဋိစ္စသမုပ္ပါဒ် (သံသရာ)စက်ကြီး မလည်အောင် လုပ်ချင်ရင် ဘယ်လိုလုပ်ရပါမလဲ။ ၆၆

၇၁။ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက် စသည်တွေကို သတ်ပြီး နတ်အရှင်ကြီး၊ ဘုရားသခင်ဆိုတာတွေကို ပူဇော်ပသလိုက်ရင် ကောင်းမှုကုသိုလ်ဖြစ်ပါသလား။ ၆၆

၇၂။ ဒုက္ခဝေဒနာတွေကို များစွာခံစားရပြီး မသေမရှင်ဖြစ်နေတဲ့သူကို မြန်မြန်သေအောင် လုပ်ပေးရင် ကုသိုလ်ဖြစ်ပါသလား။ ၆၇

၇၃။ ဒုက္ခခံနေရတဲ့သူက သေချင်ပါတယ်ဆိုလို့ သေအောင်လုပ်ပေးရင် အပြစ်ရှိပါသလား။ ၆၇

၇၄။ "ပူဇော်ပသဖို့ အသတ်ခံရတဲ့သတ္တဝါတွေလည်း မနစ်နာပါဘူး။ သူတို့လည်း ကောင်းကင်ဘုံရောက်သွားကြတယ်" လို့ ဆင်ခြေပေးကြပါတယ်။ အဲဒါ ဟုတ်ပါသလား။ ၆၈

၇၅။ ရုပ်ပွားတော်၊ ဆင်းတုတော်တွေက စေတီ ၄ မျိုးထဲက ဘာစေတီပါလဲ။ ၆၉

၇၆။ ရွှေတိဂုံ စတဲ့ အုတ်သားစေတီတော်၊ သဲပုံစေတီတော်တွေက ဘာစေတီအမျိုးအစားပါလဲ။ ၇၀

http://www.dhammadownload.com



၇၇။ ဓာတ်တော်တွေ၊ စေတီပုထိုးတော်တွေကို ဖူးမြော် ရတဲ့အခါ စိတ်က ဘာကို အာရုံပြုရမှာပါလဲ။ ၇၁
၇၈။ ဘုရားရှင်ရဲ့ ပါရမီကုသိုလ်တွေများပုံကို ကျမ်းဂန်မှာ ဘယ်လိုဆိုထားပါသလဲ။ ၇၁
၇၉။ ဘုရားရှင်ရဲ့ အရပ်တော်ဟာ ဘယ်လောက်မြင့်ပါသလဲ။ ၇၂
၈၀။ "ဥဏ္ဏာလုံမွေးရှင်တော်"ဆိုတာ ဘယ်လိုဟာပါလဲ။ ၇၃
၈၁။ "ကေတုမာလာရောင်"ဆိုတာ ဘယ်လိုဟာပါလဲ။ ၇၄
၈၂။ အာဇီဝဋ္ဌမကသီလက ဘယ်လိုသီလပါလဲ။ ၇၄
၈၃။ အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံကို ပါဠိတော်နဲ့အဋ္ဌကထာတွေမှာ တိုက်ရိုက်ပြထားပါသလား။ ၇၅
၈၄။ အာဇီဝဋ္ဌမကသီလကို ဆောက်တည်မှ လုံခြုံတာပါလား။ ၇၅
၈၅။ အာဇီဝဋ္ဌမကသီလကို မဆောက်တည်ဘဲ လွန်ကျူးမိရင် အပြစ်ရှိပါသလား။ ၇၆
၈၆။ အာဇီဝဋ္ဌမကသီလ မလုံခြုံဘဲ မဂ်ဖိုလ်ကို ရနိုင်ပါသလား။ ၇၆
၈၇။ ရဟန်းတွေထဲ သီလမတောင်းဘဲ မိမိဘာသာ အာဇီဝဋ္ဌမကသီလကို ဆောက်တည်ရင် ဘယ်လို ဆောက်တည်ရမှာပါလဲ။ ၇၇

http://www.dhammadownload.com



၈၈။ အာဇီဝဋ္ဌမကသီလကို တစ်ကြိမ်လောက်ဆောက် တည်ပြီးဖြစ်ရင် နေ့စဉ် ဆောက်တည်ဖွယ် လိုပါ သလား။ ၇၈
၈၉။ အောက်ပါပုဂ္ဂိုလ်တွေမှာ မိစ္ဆာဇီဝဖြစ်ပါသလား။ ၇၈
၉၀။ သမ္မာအာဇီဝ ဘယ်နှမျိုး ရှိပါသလဲ။ ၇၉
၉၁။ မတရားသဖြင့် ရခဲ့တဲ့ပစ္စည်းဥစ္စာကို သုံးစွဲနေရင် ဘယ်သမ္မာအာဇီဝ ဖြစ်နိုင်ပါသေးသလဲ။ ၇၉
၉၂။ မိစ္ဆာဇီဝနဲ့ ရထားတဲ့ ပစ္စည်းတွေကို လှူဒါန်းရင် အကျိုးမရ ဖြစ်ပါသလား။ ၈၀
၉၃။ ၉ ပါးသီလမှာ မေတ္တာဟာ သိက္ခာပုဒ် ဟုတ်ပါ သလား။ ၈၀
၉၄။ ၉ ပါးသီလမှာ မေတ္တာအတွက် ဆောက်တည်ပုံ ကဘယ်လိုပါလဲ။ ၈၁
၉၅။ ၁၀ ပါးသီလမှာ နစ္စ ဂီတ သိက္ခာပုဒ်၊ မာလာဂန္ဓ သိက္ခာပုဒ်ကို ခွဲရခြင်း အကြောင်းက ဘာပါလဲ။ ၈၁
၉၆။ ၈ ပါးသီလမှာတော့ အဲဒီသိက္ခာပုဒ် ၂ ပါးကို ဘာကြောင့် ပေါင်းရပါသလဲ။ ၈၂
၉၇။ ညစာ မစားဘဲ ကျင့်တာဟာ ဘာအကျိုး ရှိပါ သလဲ။ ထမင်းအငတ်ခံတာကိုပဲ ဥပုသ်စောင့် တယ် လို့ ခေါ်တာပါလား။ ၈၃
၉၈။ ၈ ပါးသီလမှာ နောက် ၃ ပါးက ဆက်စပ်မှုရှိပါ သလား။ ၈၃

http://www.dhammadownload.com



၉၉။ အကြောင်းမရှိဘဲ ဖျော်ရည်၊ စတုမဓု၊ ထန်းလျက်၊ သကြား၊ ချင်းသုပ်၊ ကွမ်း၊ ဆေး စသည်ကို စားသောက်ရင် ဝိကာလဘောဇနေ သိက္ခာပုဒ် ကျိုးပျက် ပါသလား။ ၈၄

၁၀၀။ အကြောင်းရှိရင် ဖျော်ရည်၊ စတုမဓု စသည်ကို စားသောက်ကောင်းပါသလား။ ၈၅

၁၀၁။ အောက်ပါပုဂ္ဂိုလ်တွေမှာ သီလ ပျက်ပါသလား။ ၈၆

၁၀၂။ အနာရောဂါရှိရင် နံ့သာလိမ်းမှု စသည်ကို ပြုကောင်းပါသလား။ ၈၆

၁၀၃။ ဥစ္စာသယန= မြင့်တဲ့နေရာဆိုရာမှာ "လူကြီးက အောက်အနိမ့်မှာ နေရင် ဥပုသ်သည်လူငယ်က အထက်အမြင့်မှာ မနေကောင်း" ဆိုတဲ့ အမြင့်မျိုးကို ဆိုလိုတာပါလား။ ၈၇

၁၀၄။ မဟာသယန= မြတ်တဲ့ နေရာဆိုရာမှာ သင်ဖြူးချောချော၊ ကော်ဇောနုနု စသည်နဲ့ ရဟန်း သံဃာ ဂုဏ်ဝါကြီးသူတွေရဲ့ နေရာ စသည်ကို ဆိုလိုတာပါလား။ ၈၇

၁၀၅။ အုန်းဆံသွတ်မွေ့ရာနဲ့ အဝတ်အဆာ၊ ပိုးချည်အဆာပါတဲ့ မွေ့ရာတွေကို ဥပုသ်သည်တွေ သုံးကောင်းပါသလား။ ၈၈

http://www.dhammadownload.com



၁၀၆။ ယခုကာလ အချို့အရပ်မှာ ရှစ်ပါးသီလဥပုသ် သည်တွေက ငါးပါးသီလ ယူကာ ဥပုသ်ချကြပါ တယ်။ အဲဒီလို ဥပုသ်ချဖွယ် လိုပါသလား။ ၈၈

၁၀၇။ ရှစ်ပါး စတဲ့ ဥပုသ်သီလကို နေ့ဝက်၊ ညဉ့်ဝက် ဖြစ်စေ၊ တစ်ခဏမျှဖြစ်စေ စောင့်ကောင်းပါ သလား။ ၈၉

၁၀၈။ ယခုကာလ အချို့ တရားပွဲ၊ အလှူမဏ္ဍပ် စသည်မှာ "မဏ္ဍပ်က မထွက်ခင် ရှစ်ပါးသီလ ဆောက်တည်ကြ" လို့ ဆိုပြီး ဖြီးလိမ်းပြင်ဆင် ထားသူတွေအား မာလာဂန္ဓ ဝိလေပန စတဲ့ သိက္ခာပုဒ်ကို ဓမ္မကထိကတို့က ချပေးကြပါ တယ်။ "ဥပုသ်မစောင့်ခင်က ဖြီးလိမ်းထားလို့ မာလာဂန္ဓဝိလေပန သိက္ခာပုဒ် မပျက်"လို့ လည်း ပြောဆိုကြပြန်ပါသေးတယ်။အဲဒါ ဘယ်လိုပါလဲ။ ၈၉

၁၀၉။ လက်မှာ ရွှေလက်စွပ် စသည်ကို ဝတ်ခြင်း၊ နား မှာလည်း ပန်ဆင်ခြင်းဟာ ဥပုသ်သည်တွေမှာ သင့်လျော်ပါသလား။ ၉၀

၁၁၀။ လူဝတ်ကြောင်တွေက ဆယ်ပါးသီလကို စောင့် ကောင်းပါသလား။ ၉၀

၁၁၁။ ဆယ်ပါး သီလစောင့်သူဟာ ရွှေ၊ ငွေ ရတနာ တွေနဲ့စပ်ပြီး ဘယ်လို ကျင့်သုံးရပါမလဲ။ ၉၂

http://www.dhammadownload.com



၁၁၂။ ကောမာရ (ကောမာရီ) ဗြဟ္မစရိယ သီလ ၉၃
ဆောက်တည်ချင်ရင် ဘယ်လို ဆောက်တည်ရမှာပါလဲ။

၁၁၃။ သရဏဂုံသုံးပါးရဲ့ အဓိပ္ပာယ်ကို နားမလည်ဘဲ ၉၄
ရွတ်ရင် သရဏဂုံ ရနိုင်ပါသလား။

၁၁၄။ သရဏဂုံကို ထပ်ခါ ထပ်ခါ ဆောက်တည်ဖို့ လိုပါသလား။

၁၁၅။ လူသေတဲ့အခါ အလောင်းကောင်ကို ဘယ်ရည် ၉၅
ရွယ်ချက်နဲ့ သရဏဂုံတင်ရိုး ပြုကြတာပါလဲ။

၁၁၆။ ရဟန်းတစ်ပါးအား ဘယ်လို လှူရင် သံဃိက ၉၅
ဒါန ဖြစ်နိုင်ပါသလဲ။

၁၁၇။ ကျန်ရစ်သူတွေက ကုသိုလ်ပြုပြီး အမျှဝေရင် ၁၁၇
တမလွန်မှ ဘယ်လိုပုဂ္ဂိုလ်က သာဓုခေါ်နိုင်ပါသလဲ။

၁၁၈။ အချို့အရပ်မှာ သုသာန် စသည်သွားပြီး "ယနေ့ ၉၆
အလှူဒါနပြုမှာမို့ လိုက်ခဲ့ပါ"လို့ ဖိတ်မံကာ အိမ်ကို ခေါ်လာတတ်ကြပါတယ်။ အဲဒါ ဘာကြောင့် ပါလဲ။

၁၁၉။ သေလွန်သူ ဆွေမျိုးတွေကို မှန်းပြီး လှူဒါန်း ၉၇
ရာမှာ အဲဒီအလှူကို တမလွန်က ဘယ်လိုပုဂ္ဂိုလ်တွေက မသိနိုင်ပါသလဲ။

http://www.dhammadownload.com



၁၂၀။ သေသူကို ရည်စူးပြီး ၇ ရက်လည်မှ ဆွမ်းသွတ်ကြတာဟာ ဘာကြောင့်ပါလဲ။ ၉၈
၁၂၁။ ၇ ရက်လည်မှ ဆွမ်းသွတ်တာဟာ နည်းလမ်းကျပါသလား။ ၉၈
၁၂၂။ ရေစက်ချတာကို ရှေးတုန်းကလည်း ယခုခေတ်လိုပဲ ပြုခဲ့ကြတာပါလား။ ၉၉
၁၂၃။ ဂေါတမဘုရားလောင်း ဖြန့်ကြဲလိုက်တဲ့ မြက်အခင်းရဲ့ ပမာဏ ၁၄ တောင် သို့မဟုတ် ၁၄ မိုက်ဆိုတာ အမြင့်လား၊ အကျယ်လား။ ၁၀၀
၁၂၄။ ယခုကာလမှာ တချို့ အဓိဋ္ဌာန်ဝင်တယ်ဆိုပြီး အဓိဋ္ဌာန်ပြုထားတဲ့အချိန်ပိုင်းအတွင်းမှာ လုံးလုံး စကားမပြောတော့ဘူးလို့ အဓိဋ္ဌာန်ကြပါတယ်။ အဲဒီလို အဓိဋ္ဌာန်ပြုကောင်းပါသလား။ ၁၀၀
၁၂၅။ ပူတိမုတ္တ= ပုပ်ဆွေးနေလို့ စွန့်ပစ်ထားတဲ့ ဆေးအဟောင်းအမြင်းလို့ တစ်နည်း ဖွင့်ထားပါတယ်။ အဲဒါ ဘုရား အလိုကျပါသလား။ ၁၀၁
၁၂၆။ တစ်ယူဇနာမှာ မိုင် ဘယ်လောက် ရှိပါသလဲ။ ၁၀၂
၁၂၇။ ယခုနေအခါမှာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ယောင်ယောင်နဲ့ မထေရ်ကြီးအချို့က အမျိုးသမီးကလေးများ ခေါင်းကို လက်နဲ့ ပွတ်သပ်ပြီးတော့တောင် သိဒ္ဓိတင် ချီးမြှောက်တာ ရှိတယ်လို့ ကြားရပါတယ်။ အဲဒါကို ဝိနည်းပညတ်တော်က ခွင့်ပြုထားပါသလား။ ၁၀၂

http://www.dhammadownload.com



၁၂၈။ ယခုနေအခါမှာ နာမည်ကြီး၊ ဘုန်းကြီးတဲ့ အချို့ ဆရာတော်က ဒကာ၊ ဒကာမတွေအား အဆောင် သဘောနဲ့၊ ဆေးသဘောနဲ့ တစ်စုံတစ်ခု ပစ္စည်း ကို ပေးကမ်း ချီးမြှင့်တဲ့အကြောင်း ကြားရပါ တယ်။ ကွမ်းယာကလေးများကို ပေးတယ်လို့ ကြားရပါတယ်။ အဲဒါဟာ ဘုရားနည်းပါလား။ ၁၀၃
၁၂၉။ တစ်စုံတစ်ယောက်က ဘေးကင်း ရန်ကင်း စသည်အတွက် တစ်စုံတစ်ခု လာတောင်းရင် ဘယ်လို ပြောလိုက်သင့်ပါသလဲ။ ၁၀၃
၁၃၀။ ပါရိဟာရိယ ပညာဆိုတာ ဘာပါလဲ။ ၁၀၄
၁၃၁။ သံဃဘေဒက ကံဆိုတာ ရပ်ရွာ နယ်ပယ်က သံဃာတော် အချင်းချင်း ကွဲပြားအောင် ကြံ ဆောင်အားထုတ်တာပါလား။ ၁၀၄
၁၃၂။ ရဟန္တာ မဖြစ်ခင် သတ်ရာ ရဟန္တာ ဖြစ်ပြီးမှ သေရင် အရဟန္တဃာတက ကံထိုက်ပါသလား။ ၁၀၅
၁၃၃။ ဒုစရိုက် ၁၀ ပါးကို ကိုယ်တိုင်ပြုခြင်း၊ သူတစ်ပါး ကို အပြုခိုင်းခြင်း၊ ဂုဏ်ကို ပြောပြခြင်း၊ သဘော တူ ကျေနပ်ခြင်းဆိုတဲ့ ၄ မျိုးနဲ့ မြှောက်ရင် ၄၀ ဖြစ်ရာ အားလုံး ၄၀ လုံး ကမ္မပထ မြောက်ပါ သလား။ (အပါယ်ရောက်ကြောင်းလမ်း ဖြစ်ပါ သလား) ၁၀၅

http://www.dhammadownload.com




၁၃၄။ ဒုစရိုက်၊ သုစရိုက်တွေကို နာမည်တစ်မျိုးနဲ့ ဘယ်လို ခေါ်ပါသေးသလဲ။ ၁၀၆

၁၃၅။ အမျှဝေရာ သာဓုခေါ်ရာမှာ ဒါနကုသိုလ်ကိုသာ အမျှဝေလို့ သာဓုခေါ်လို့ရတာပါလား။ ၁၀၆

၁၃၆။ အောက်ပါလိမ်ညာသူတွေမှာ ကမ္မပထမြောက်ပါသလား။ ၁၀၇

၁၃၇။ အောက်ပါပုဂ္ဂိုလ်တွေမှာ သမ္ဖပ္ပလာပ ဖြစ်ပါသလား။ ၁၀၈

၁၃၈။ အမှောင်တွင်းမှာ သူ့မယားကို ကိုယ့်မယားထင်မှတ်ပြီး သွားလာတဲ့ယောကျ်ားနဲ့ ကိုယ့်ခင်ပွန်းထင်မှတ်ပြီး သည်းခံတဲ့ မိန်းမတွေမှာ ကာမေသု မိစ္ဆာစာရ ဖြစ်ပါသလား။ ၁၀၈

၁၃၉။ သမီးကို ကျူးလွန်တဲ့ ဖခင်မှာ ကာမေသု မိစ္ဆာစာရ ဖြစ်ပါသလား။ ၁၀၉

၁၄၀။ ပြည့်တန်ဆာမမှာ သွားလာသူအား ကာမေသု မိစ္ဆာစာရ ဖြစ်ပါတယ်။ ၁၁၀

၁၄၁။ တိရစ္ဆာန်မ၊ အရူးမတွေမှာ သွားလာရင် ကာမေသု မိစ္ဆာစာရ ဖြစ်ပါသလား။ ၁၁၀

၁၄၂။ မိမိကာမကို မိမိပိုင်တဲ့ မိန်းမ၊ မပိုင်တဲ့ မယား ဘယ်လောက် ရှိပါသလဲ။ ၁၁၁

၁၄၃။ ယခုကာလ မိဘစသူတွေက သဘောမတူပေမယ့် မိန်းကလေးက ဆန္ဒတူလို့ ထွက်ပြေးကြ ၁၁၂

http://www.dhammadownload.com



ရာမှာ ယောကျ်ားမှာ မိစ္ဆာစာရအပြစ် ဖြစ်ပါ
သလား။

၁၄၄။ ငရဲက ဘယ်မှာ ဘယ်လောက် ရှိတာပါလဲ။ ၁၁၂

၁၄၅။ မြင်းမိုရ်တောင်၊ နတ်ပြည်၊ ဗြဟ္မာပြည်တွေက ဘယ်မှာ ရှိတာပါလဲ။ ၁၁၃

၁၄၆။ အနောက်နိုင်ငံ စိတ်ပညာရှင်တွေက ဘဝင်စိတ်ကို မသိစိတ်လို့ ဆိုပြီး အဲဒီ မသိစိတ်ထဲမှာ အာရုံတွေ အောင်းနေတယ်လို့ ဆိုကြပါတယ်။ အဲဒါ ဟုတ်ပါသလား။ ၁၁၄

၁၄၇။ နတ်၊ ဗြဟ္မာ၊ သိကြား၊ ဂိုဏ်းဆရာကြီးတွေက ကယ်တင်လိမ့်မယ်လို့ ထင်ပြီး အဲဒါတွေကို ကိုးကွယ်ရင် သီလဗ္ဗတ ပရာမာသ ဒိဋ္ဌိ ဖြစ်ပါသလား။ ၁၁၆

၁၄၈။ ဆင်၊ မြင်း၊ သစ်ပင်၊ တော၊ တောင်၊ နက္ခတ်တာရာ၊ ဂြိုဟ်၊ နေ၊ လတွေကို ကိုးကွယ်ရင်လည်း သီလဗ္ဗတ ပရာမာသဒိဋ္ဌိ ဖြစ်ပါသလား။ ၁၁၆

၁၄၉။ ဝိပဿနာရှုရာမှာ ဆင်ခြင်တဲ့စိတ်က တစ်ကြိမ်၊ ဝိပဿနာဇောက ၇ ကြိမ်၊ တဒါရုံက ၂ ကြိမ်၊ ပေါင်း ၁၀ ကြိမ် ဖြစ်ရင် ၁၀ ကြိမ်လုံးကို သိနိုင်ပါသလား။ မြင်ရာ၊ ကြားရာ၊ နံရာ၊ စားရာ၊ ထိရာမှာလည်း စိတ်အကြိမ်တိုင်းကို သိနိုင်ပါသလား။ ၁၁၇

၁၅၀။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကို ချပြလို့ သိတဲ့ အသိက ကိုယ်ပိုင်အသိပါလား။ ၁၁၈

http://www.dhammadownload.com

# မသိလို့ မေးပါရစေ

၁။ မေး။ ။ ဗုဒ္ဓဘာသာဝင်တွေက "ဥုံ"ကို ရွတ်ဆိုသင့်ပါသလား။

ဖြေ။ ။ ဗုဒ္ဓဘာသာဝင်တွေဟာ ဗိဿနိုး၊ သိဝ၊ ဗြဟ္မာတွေကို အလေးပြုတဲ့ အဲဒီ "ဥုံ"ကို ရွတ်ဆိုရန် မသင့်ပါ။

(မဟာစည်ဆရာတော်ကြီး)

(ဝိသုဒ္ဓိမဂ်၊ မဟာဋီကာနိဿယ၊ သမယန္တ ရပိုင်း)

၂။ မေး။ ။ "ဥုံ"ရဲ့အဓိပ္ပာယ်က ဘယ်လိုပါလဲ။

ဖြေ။ ။ (အ)ဟာ ဗိဿနိုးရဲ့အမည်၊ (ဥ)ဟာ သိဝရဲ့အမည်၊ (မ)ဟာ ဗြဟ္မာရဲ့အမည် ဖြစ်တယ်။ အဲဒီ အက္ခရာသုံးလုံးအပေါင်းကို သက္ကတမှာ"ဩမ်" လို့ ရေးတယ်။ မြန်မာမှာ "ဥုံ"လို့ ရေးကြတယ်။ "အုမ်"လို့ရေးရင် သာပြီး ပေါ်လွင်ထင်ရှားပါမယ်။

(မဟာစည်ဆရာတော်ကြီး)

(ဝိသုဒ္ဓိမဂ်၊ မဟာဋီကာနိဿယ၊ သမယန္တ ရပိုင်း)

http://www.dhammadownload.com



၃။ မေး။ ။ "ဥုံ"ကို ဘယ်သူတွေက ဘယ်အခါမှာ အသုံးပြုကြတာပါလဲ။

ဖြေ။ ။ ဝေဒတွေကို ရွတ်ဆိုသင်အံရင် ရှေးဦးစွာ ဥုံ ခံရမယ်။ အဆုံးမှာလည်း ဥုံ နဲ့ အဆုံးသတ်ရ၊ ပိတ်ရမယ်။ အစမှာ ဥုံ မခံရင် ဖြည်းဖြည်းချင်း မေ့ပျောက်သွားတတ်တယ်။ အဆုံးမှာ ဥုံ မပိတ်ရင် တည်တံ့ခြင်းကိုပင် မရနိုင်လို့ ဆိုထားသေးတယ်။ အဲဒီလောက်အထိ ဗြာဟ္မဏတွေက ဥုံ ကို အလေးပြုကြပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(ဝိသုဒ္ဓိမဂ်၊ မဟာဋီကာနိဿယ၊ သမယန္တရပိုင်း)

၄။ မေး။ ။ ရှေးက မြောက်ကျွန်းလို့ခေါ်တဲ့အရပ်ဟာ ယခုအခါ ဘယ်အရပ်ဖြစ်နိုင်ပါသလဲ။

ဖြေ။ ။ ရှေးက ဇမ္ဗူဒိပ်ခေါ် ယခု အိန္ဒိယနိုင်ငံမှာ နံနက်အချိန်ဟာ ဥတ္တရကုရုခေါ် မြောက်ကျွန်းမှာ ညနေအချိန်ဖြစ်တယ်လို့ စာပေကျမ်းဂန်တွေမှာ အဆိုရှိတယ်။ ယခုအခါ အိန္ဒိယမှာ နံနက်ပိုင်း အချိန်ဟာ အမေရိကတိုက်မှာ ညနေပိုင်းအချိန် ဖြစ်ကြောင်း ရေဒီယိုမှ ပြောဆိုချက်နဲ့ ထင်ရှားလှတယ်။ ဒါကြောင့် အဲဒီစဉ်အခါက မြတ်စွာဘုရား ဆွမ်းခံကြွတော်မူရာဖြစ်တဲ့ ဥတ္တရကုရု ခေါ် မြောက်ကျွန်း

http://www.dhammadownload.com



ဟာ အမေရိကတိုက်ပင် ဖြစ်တယ်လို့ ယူဖွယ်ရှိတယ်။

(မဟာစည်ဆရာတော်ကြီး)

(ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ တတိယတွဲ၊ ၆၃)

၅။ မေး။ ။ ယခုခေတ်မှာ လေယာဉ်ပျံနဲ့ရော၊ အာကာသယာဉ်နဲ့ပါ ကမ္ဘာကို အကြိမ်ကြိမ်ပတ်ပြီး စူးစမ်း ရှာဖွေကြရာ မြင်းမိုရ်တောင်ကို မတွေ့ကြရပါ။ ဒါ့ကြောင့် မြင်းမိုရ်တောင်ကို ဘယ်လို ယူဆရပါမလဲ။

ဖြေ။ ။ မြင်းမိုရ်တောင်ဟာ နတ်တွေရဲ့နေရာဖြစ်လို့ နတ်တွေကို လူ့မျက်စိနဲ့ မမြင်နိုင်သလို လူ့မျက်စိနဲ့ မမြင်နိုင်လောက်အောင် သိမ်မွေ့ ကြည်လင်တဲ့ ရုပ်အပေါင်းမျှသာဖြစ်တယ်လို့ ယူရင် သင့်လျော်ရာ ပါတယ်။

မြင်းမိုရ်တောင်ရဲ့ အရန်ဖြစ်တဲ့ တောင်စဉ် ၇ ခု တွေကိုလည်း နည်းတူပဲ ယူရပါတယ်။

(မဟာစည် ဆရာတော်ကြီး)

(ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ တတိယတွဲ၊ ၆၂)

၆။ မေး။ ။ သိပ္ပံဆရာတွေကတော့ နေဟာ အချင်းအားဖြင့် ၈၆၄,၃၉၃ မိုင်ခန့်ရှိတယ်လို့ ဆိုကြပါတယ်။ အဲဒီလောက်ကြီးကျယ်တဲ့နေဟာ ကမ္ဘာဦးလူတို့ရဲ့ကိုယ်က အရောင်ပျောက်ပြီး အမှောင်ကျလာ

http://www.dhammadownload.com



တဲ့ ခဏအတွင်းမှာ ရုတ်တရက် ဖြစ်ပေါ်လာတာလား။ ဒါမှမဟုတ် စောစောကပဲ ရှိနေတာလား။

ဖြေ။ ။ နေဟာ စောစောကပဲ ရှိနေပေမယ့် မိမိတို့ရဲ့ ကိုယ်ရောင်နဲ့ပဲ ပြည့်စုံနေလို့ သတိမမူမိကြတဲ့ အတွက် ကမ္ဘာဦးလူတွေဟာ စောစောက မထင်ရှားခဲ့သေး။ မိမိတို့ရဲ့ကိုယ်ရောင် ပျောက်ကွယ်သွားလို့ အလင်းရောင်ကို လိုလားတောင့်တ မျှော်လင့်ကြတဲ့အခါမှာ နေဝန်းကြီး ပေါ်လာတာကိုတွေ့ရလို့ အဲဒီအခါကျမှ ထင်ရှားတယ်လို့ယူရင် သင့်ရာပါတယ်။ လဝန်းပေါ်ရာမှာလည်း နည်းတူပဲယူရင် သင့်ရာပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ တတိယတွဲ၊ ၁၃၅)

၇။မေး။ ။ သိပ္ပံဆရာတွေကတော့ ကြယ်တွေကို အခြားစကြဝဠာတွေမှ နေတွေဖြစ်ကြောင်းကို ပြဆိုကြပါတယ်။ အဲဒီအလိုအရ နက္ခတ်၊ ကြယ်တာရာတွေဟာ စောစောကပဲ ရှိနေကြတယ်မဟုတ်ပါလား။

ဖြေ။ ။ စောစောကပဲ ရှိနေကြပေမဲ့ မိမိတို့ကိုယ်ရောင်ကိုသာ အားကိုးပြုနေစဉ်အခါက သတိမပြုမိကြလို့ မထင်ရှားကြသေး။ မိမိတို့ကိုယ်ရောင် ကွယ်ပျောက်သွားတဲ့အခါကျမှ သတိပြုမိကြလို့ အဲဒါ

http://www.dhammadownload.com



တွေကို ထင်ရှားတွေ့မြင်ကြရတယ်လို့ ယူရင် သင့်ရာပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ တတိယတွဲ၊ ၁၃၆)

၈။မေး။ ။ ယခုလူတွေက နတ်ဘုံဗိမာန်တွေကို မမြင်ကြရတာဟာ အခြားဗိမာန်တွေက ကွယ်နေလို့ပါလား။

ဖြေ။ ။ အခြားဗိမာန်တွေက ကွယ်နေလို့မဟုတ်ပါ။ လူတွေရဲ့မျက်စိနဲ့ မမြင်နိုင်ကောင်းတဲ့၊ သိမ်မွေ့တဲ့ ရုပ်တွေ ဖြစ်လို့ပါပဲ။

(မဟာစည်ဆရာတော်ကြီး)

(ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ တတိယတွဲ၊ ၆၁)

၉။မေး။ ။ ဘုရားရှင်က တရားအလုံးစုံကို သိတယ်ဆိုရာမှာ အမြဲတမ်း သိပါသလား။

ဖြေ။ ။ ဆင်ခြင်မှသိပါတယ်။ ဆင်ခြင်ရင်တော့ အကြွင်းမဲ့ အကုန်သိပါတယ်။ မသိနိုင်တာရယ် လို့ ဘာမှမရှိ။ မဆင်ခြင်ဘဲနေတဲ့အခါ မသိ။

(မဟာစည်ဆရာတော်ကြီး)

(ဝမ္မိကသုတ်တရားတော်၊ ၁၅၀)

၁၀။မေး။ ။ မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာဟာ ဘယ်လောက်က ရောက်လာပါသလဲ။

ဖြေ။ ။ စာပေကျမ်းဂန်အရ ပြောရမယ်ဆိုရင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၃၆

http://www.dhammadownload.com



နှစ်မှာ သီရိဓမ္မာသောကမင်းကြီးလက်ထက်က ၉ တိုင်း၊ ၉ ဌာနကို သာသနာပြုစေလွှတ်ရာမှာ သုဝဏ္ဏဘူမိလို့ခေါ်တဲ့ ဌာနတစ်ခုလည်း ပါတယ်။ အဲဒါဟာ မြန်မာနိုင်ငံက သထုံမြို့ပဲလို့ အများက ဆိုကြပါတယ်။ တချို့ပညာရှိတွေကတော့ အဲဒီသုဝဏ္ဏဘူမိဆိုတာ စုမာတြကျွန်းပဲလို့ ဆိုကြပါတယ်။ သထုံမှာ ဗုဒ္ဓသာသနာ ထွန်းကားခဲ့တာကတော့ အလွန်ပဲ ထင်ရှားပါတယ်။ ဒါကြောင့် သုဝဏ္ဏဘူမိဟာ စုမာတြကျွန်းဟုတ်ရင်လည်း အဲဒီကတစ်ဆင့် သာသနာပြန့်လာတယ်လို့ ယူရမှာပဲ။ ဒါပေမဲ့ မြန်မာနိုင်ငံ သထုံမြို့မှာ ဗုဒ္ဓသာသနာဟာလည်း အဲဒီတုန်းကပဲ ရောက်လာတယ်ဆိုတာကတော့ သေချာပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(ဝမ္မိကသုတ်တရားတော်၊ ၃၁၀)

၁၁။ မေး။ ။ ယခုခေတ်မှာ နှလုံးဟောင်းကို ထုတ်ပယ်ပြီး နှလုံးသစ်ကို ထည့်လျက် ကုသနေချိန်မှာ စိတ်တွေဟာ ဘာကိုမှီပြီး ဖြစ်နေကြပါသလဲ။

ဖြေ။ ။ အဋ္ဌကထာအဆိုအတိုင်း အတိအကျယူချင်ရင် "နှလုံးအသစ်နဲ့ ကိုယ်မှသွေးများ မစပ်မိသေးချိန်မှာ နှလုံးဟောင်းထဲက ဝတ္ထုရုပ်ကိုပဲ မှီပြီး ဖြစ်ကြပါတယ်။ စပ်မိတဲ့အခါကစပြီး နှလုံးအသစ်

http://www.dhammadownload.com



မှာ ဝတ္ထုရုပ်ဖြစ်ပေါ်လာပြီး အဲဒီဝတ္ထုရုပ်ကိုမှီပြီး ဖြစ်ကြတယ်”လို့ ယူရပါမယ်။

အဲဒီလို အတိအကျမယူဘဲ “နှလုံးထဲက သွေးမှာရော နှလုံးထဲက ပန်းထုတ်လိုက်တဲ့ သွေးထဲမှာပါ ဝတ္ထုရုပ် ဖြစ်တယ်။ အဲဒီဝတ္ထုရုပ်ကို မှီပြီး ဖြစ်ကြတယ်”လို့ ယူရင်တော့ အဲဒီလို မေးဖွယ် မလိုတော့။

(မဟာစည်ဆရာတော်ကြီး)

(ဝိသုဒ္ဓိမဂ် မြန်မာပြန်၊ ဒုတိယတွဲ၊ ၃၂၄)

၁၂။မေး။ ။ ယခုနေကာလမှာ စိတ္တာနုပဿနာကစပြီး ရှုရတယ်လို့ဆိုပြီး အားထုတ်နေကြပါတယ်။ ကျမ်းဂန်တွေမှာ ဘယ်လိုပြထားပါသလဲ။

ဖြေ။ ။ ကျမ်းဂန်တွေမှာတော့ စိတ္တာနုပဿနာကို စပြီး ရှုမှတ်ဖို့ အားမပေးခဲ့ကြပါ။ ရှုလို့တော့ ဖြစ်ပါတယ်။ ဝေဒနာကစပြီး ရှုလို့လည်း ဖြစ်တာပါပဲ။ သဘောတရားကစပြီး ရှုမှတ်လို့လည်း ဖြစ်တာပါပဲ။ မဖြစ်ဘူး၊ မရှုရဘူးလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ပုဂ္ဂိုလ်အများစုအနေနဲ့တော့ ထင်ရှားတဲ့ မဟာဘုတ် ဓာတ်ကြီးလေးပါးက စပြီး ရှုမှတ်ရမယ်လို့ ကျမ်းဂန်တွေမှာ ညွှန်ပြထားပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(အဘိဓမ္မာတရားတော်ကြီး၊ ၂၁၀)

http://www.dhammadownload.com



၁၃။မေး။ ။ ဝမ်းမီးဟာ ရက္ခိုသ်ဘီလူးနဲ့ ဘယ်လိုတူပါသလဲ။

ဖြေ။ ။ မိမိရဲ့ သစ်ပင်ရိပ်သို့ ဝင်လာသူကို ဖမ်းယူနိုင်ခွင့်ရှိတဲ့ ရက္ခိုသ်ဘီလူးဟာ အစာရှိရင် အစာကို စားတယ်။ အစာမရှိရင် ဖမ်းထားအပ်သူကို စားတယ်။ ဝမ်းမီးဟာလည်း အစာအိမ်မှာ ထမင်းစတဲ့ အစာရှိရင် အဲဒီအစာကို လောင်တယ်။ အစာမရှိရင် ဝမ်းရေကို လောင်တယ်။

(မဟာဂန္ဓာရုံ ဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ တတိယ၊ ၁၈)

၁၄။မေး။ ။ ဓာတ်ကြီး ၄ ပါးကို မိတ်ဖက်၊ ဆန့်ကျင်ဘက် ဘယ်လိုခွဲခြားပါသလဲ။

ဖြေ။ ။ ပထဝီဓာတ်နဲ့ အာပေါဓာတ် = မိတ်ဖက်။
တေဇောဓာတ်နဲ့ ဝါယောဓာတ် = မိတ်ဖက်။
ပထဝီနဲ့ ဝါယောဓာတ် = ဆန့်ကျင်ဘက်။
အာပေါဓာတ်နဲ့ တေဇောဓာတ် = ဆန့်ကျင်ဘက်။

* မြေနဲ့ရေ မိတ်ဆွေတော်ကြ သဘာဂ။
* မီးနဲ့လေ မိတ်ဆွေတော်ကြ သဘာဂ။
* မြေနဲ့လေ မိတ်ဆွေမစပ် ပဋိဃတ်။
* မီးနဲ့ရေ မိတ်ဆွေမစပ် ပဋိဃတ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ တတိယ၊ ၄၁)

http://www.dhammadownload.com



၁၅။မေး။ ။ လူသေရင်ဘာကြောင့် သရဏဂုံတင်ကြပါသလဲ။
ဖြေ။ ။ သေရင် သရဏဂုံပျက်လို့ ယခုအခါ လူသေရင် သရဏဂုံ တင်ကြဟန် တူပါတယ်။ ဒါပေမဲ့ အလောင်းကောင်ဟာ သရဏဂုံ မယူနိုင်ပါ။ သေသူက အနားမှာ ဖြစ်နေရင်သာ ယူနိုင်စရာ ရှိပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
(သီလက္ခန်၊ ဘာသာဋီကာ၊ တတိယ၊ ၂၅၄)

၁၆။မေး။ ။ နတ်ကို ကိုးကွယ်ရင် သရဏဂုံပျက်ပါသလား။
ဖြေ။ ။ နတ်ကို ကိုးကွယ်ရာမှာ ရတနာသုံးပါးထက်ပင် မြတ်တယ်လို့ သဘောထားပြီး ကိုးကွယ်ရင် သရဏဂုံပျက်တယ်လို့ မှတ်ပါ။

(မဟာဂန္ဓာရုံ ဆရာတော်ကြီး)
(သီလက္ခန်၊ ဘာသာဋီကာ၊ တတိယ၊ ၂၄၇)

၁၇။မေး။ ။ နတ်ကို ရှိခိုးပူဇော်ရင် သရဏဂုံပျက်ပါသလား။
ဖြေ။ ။ ဆွေမျိုးဖြစ်တဲ့ ရသေ့ကိုရှိခိုးလို့ သရဏဂုံမပျက်သလို ထို့အတူ တစ်စုံတစ်ခုလာဘ်ကို မြော်၍လည်းကောင်း၊ ဘေးရန်ကို ကာကွယ်လိမ့်မယ်လို့ ထင်၍ လည်းကောင်း နတ်ကို ရှိခိုးပူဇော်လို့ မူလရှိပြီးတဲ့ သရဏဂုံမပျက်လို့ မှတ်ပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
(သီလက္ခန်၊ ဘာသာဋီကာ၊ တတိယ၊ ၂၄၇)

http://www.dhammadownload.com



၁၈။မေး။ ။ မြင်ရ၊ ကြားရ၊ တွေ့သိရတာကို နိမိတ်ကောက်ရင် လောကီမင်္ဂလာအယူရှိသူလို့ ဆိုနိုင်ပါသလား။

ဖြေ။ ။ “ဒိဋ္ဌမင်္ဂလာစသည်ကို မြင်ရ၊ ကြားရ၊ တွေ့သိရတာဟာ ပုဗ္ဗနိမိတ်မျှသာပဲ အကျိုးရတာဟာ အဲဒီမင်္ဂလာကြောင့် မဟုတ်၊ ရှေးကံကြောင့်သာ ဖြစ်တယ်”လို့ ယူဆရင် ကံ ကံရဲ့အကျိုးကို ယုံကြည်လို့ လောကီမင်္ဂလာအယူရှိသူလို့ မခေါ်ရ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ တတိယ၊ ၂၆၀)

၁၉။မေး။ ။ စိတ်က ဘယ်နေရာက ဖြစ်ပါသလဲ။

ဖြေ။ ။ မြင်သိစိတ်က သေချာတာကတော့ မြင်တဲ့အခါ မျက်စိထဲက ဖြစ်တယ်။ အဲဒါတော့ သေချာပါတယ်။ ကြားတဲ့အခါ နားထဲကပဲ၊ နံတဲ့အခါ နှာခေါင်းထဲကပဲ၊ စားတဲ့အခါ လျှာပေါ်ကပဲ၊ တွေ့ထိတဲ့အခါကတော့ ထိရာဌာနကပေါ့။ ခေါင်းက ထိရင် ခေါင်းကပဲ၊ ခြေထောက်က ထိရင် ခြေထောက်ကပဲ၊ လက်ကထိရင် လက်ကပဲ၊ ကိုယ်တွင်းက ထိရင် ကိုယ်တွင်းကပဲ အဲဒီထိရာ ထိရာကပဲ ထိသိတဲ့စိတ်က ဖြစ်တယ်။ အဲဒါ ငါးခုကတော့ သေချာပါတယ်။

ဒီပြင် စိတ်ကူး စဉ်းစား ကြံစည်မှုတွေကတော့ မသေချာဘူး။ ကိုယ်တွေ့နဲ့ပြောရမယ်ဆိုရင် ဘယ်ကလိုလို ဘယ်ကလိုလိုနဲ့မသေချာဘူး။ အဋ္ဌကထာ

http://www.dhammadownload.com



ဆရာတွေကတော့ ရင်ချိုင့်ထဲမှာ နှလုံးသွေးထဲက ဟာဒယဝတ္ထုခေါ်တဲ့ နှလုံးရုပ် မှီပြီး ဖြစ်နေတယ်လို့ ဒီလိုဖွင့်ပြထားပါတယ်။ အနောက်နိုင်ငံက ဆရာတွေကတော့ ခေါင်းထဲက ဦးနှောက်ထဲကလိုလို သူတို့က ဒီလိုပြောကြတယ်။ သူ့ဥစ္စာလဲ စဉ်းစားကြည့်လို့ရှိရင် ခေါင်းထဲကလို့ ထင်မယ်ဆိုလဲ ထင်စရာပဲ။ အဲဒီတော့ သူတို့ဟာကို မဟုတ်ဘူးလို့လဲ ပြောလို့ မဖြစ်ဘူး။ ဟုတ်တယ်လို့လဲ ဝန်ခံလို့ မဖြစ်ဘူး။ အပြောရတော့ ခက်ပါတယ်။ မလွယ်လှပါဘူး။ ဒါပေမဲ့ ထိတ်လန့်တဲ့အခါကျတော့ ရင်ထဲ နှလုံးထဲက ဒိတ်ခနဲ ခုန်သွားတတ်တယ်။ ဝမ်းနည်းစရာတွေ စိတ်ပျက်စရာတွေ တွေ့တော့လဲ ရင်ထဲ နှလုံးထဲက အောင့်နေတတ်တယ်။ အဲဒါ ထောက်ဆပြီးတော့ စိတ်ဆိုတာ ရင်ထဲ နှလုံးထဲက ဖြစ်တဲ့အကြောင်း ဋီကာဆရာတွေက အဋ္ဌကထာအဆိုကို ထောက်ခံကြတယ်။ အဲဒါကို ထောက်ဆရင်တော့ ရင်ထဲ နှလုံးထဲကပဲ ဖြစ်တယ်လို့ ဆိုရမှာပဲ။

ဒါပေမဲ့ စိတ်ကလေးဟာ ဘယ်နားကဖြစ်တယ်လို့ တိတိကျကျ ပြောပြဖို့ကတော့ မလွယ်ဘူး။

(မဟာစည်ဆရာတော်ကြီး)
(ဝမ္မိကသုတ်တရားတော်၊ ၂၅၃)

http://www.dhammadownload.com



၂၀။မေး။ ။ ဆရာဘုန်းတော်ကြီးကို ဆရာအဖြစ်နဲ့သာ ကိုးကွယ်ရင် သရဏဂုံနဲ့ ဆိုင်ပါသလား။

ဖြေ။ ။ "အတတ်ကို သင်ပေးတဲ့ဆရာလို့ သဘောထားပြီး ကိုးကွယ်ရင် သရဏဂုံယူရာ မရောက်"လို့ ဆိုလို့ ယခုအခါ များစွာသောလူတွေဟာ မိမိဆရာဘုန်းတော်ကြီးကို ကိုးကွယ်တယ်လို့ ဆိုပေမဲ့ ဆရာအဖြစ်နဲ့သာ ကိုးကွယ်ကြလို့ သရဏဂုံနဲ့ မဆိုင်၊ သံဃသရဏဂုံ အစစ်အမှန်မှာ ဂုဏ်ကို ရည်မှန်းပြီး အရိယာသံဃာကို ကိုးကွယ်ခြင်းသာ ဖြစ်တယ်။

(မဟာဂန္ဓာရုံ ဆရာတော်ကြီး)

(သီလက္ခန်၊ ဘာဋီ၊ တတိယ၊ ၂၄၅)

၂၁။မေး။ ။ "ကုပ်လုပ် လေးတာ ပြန်ငါးရာ" ဆိုတာ အဓိပ္ပာယ်ဘယ်လိုပါလဲ။

ဖြေ။ ။ လေးဆရာတွေ ကိုင်နေကျလေးဟာ ညှို့မတင်ရသေးရင် ၄ တောင့်ထွာ ရှိတယ်။ ညှို့တင်ထားတဲ့အခါ လေးဟာ ကုပ်နေတယ်။ အဲဒီအခါမှာ ၄ တောင်သာ ရှိတယ်။ အဲဒီလိုကုပ်နေအောင် ပြုလုပ်အပ်တဲ့လေးကို "ကုပ်လုပ်လေး"လို့ ခေါ်တယ်။ အဲဒီလေးနဲ့ တိုင်းတာတဲ့အခါ အပြန်ငါးရာ ရှိတဲ့တောဟာ ရဟန်းအား လျောက်ပတ်တဲ့တော ဖြစ်ပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ တတိယ၊ ၁၁၉)

http://www.dhammadownload.com



၂၂။မေး။ ။ သုတ္တန်တော၊ ဝိနည်းတော၊ အဘိဓမ္မာတောတို့ရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလဲ။

ဖြေ။ ။ ရွာမှ ကုပ်လုပ်လေးတာ အပြန်ငါးရာဝေးတဲ့ တောဟာ သုတ္တန်အရည (သုတ္တန်တော)၊ ရွာ၊ ရွာရဲ့ ဥပစာမှ တစ်ပါးသောတောဟာ ဝိနည်း အရည (ဝိနည်းတော)၊ ရွာတံခါးခုံမှထွက်ရင် အရညလို့ ခေါ်ရတာက အဘိဓမ္မာအရည (အဘိဓမ္မာတော)၊ အဘိဓမ္မာအရညသာ ပရိယာယ် မဟုတ် မုချဖြစ်တယ်။ သုတ္တန် ဝိနည်းအရညတွေဟာ ပရိယာယ် အရညသာ ဖြစ်တယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ တတိယ၊ ၁၂၀)

၂၃။မေး။ ။ ဗုဒ္ဓနဲ့ စကြဝတေးမင်းတို့ရဲ့ လက္ခဏာဟာ ထူးပါသလား။

ဖြေ။ ။ ယခုလူတွေမှာလည်း လက္ခဏာချင်း သာမည အားဖြင့်တော့ တူကြပါတယ်။ ဒါပေမဲ့ အဲဒီ လက္ခဏာတွေမှာ ထင်ရှားခြင်း မထင်ရှားခြင်း အားဖြင့် ကွဲပြားကြသလို ဗုဒ္ဓရဲ့လက္ခဏာတွေနဲ့ စကြဝတေးမင်းရဲ့ လက္ခဏာတွေဟာလည်း ကွဲပြားကြပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ တတိယ၊ ၃၃၀)

http://www.dhammadownload.com



၂၄။မေး။ ။ အချို့က "စိန္တိတံ သတ္တသင်္ချေယျံ" စသည်ဖြင့် ဘုရားဖြစ်ဖို့ရန် စိတ်နဲ့ကြံရာကာလက ၇ အသင်္ချေ ကြာတယ်။ နှုတ်နဲ့ ဆုတောင်းရာကာလက ၉ အသင်္ချေ ကြာတယ်။ အဲဒီလို စသည်ဖြင့် ပြောဆို ကြပါတယ်။ အဲဒီစကားဟာ သင်္ဂါယနာ တင် အဋ္ဌကထာတွေမှာ လာပါသလား။

ဖြေ။ ။ အဲဒီစကားကို သင်္ဂါယနာတင် အဋ္ဌကထာတွေမှာ မလာလို့၊ မသင့်လို့ သီလက္ခန်ဋီကာသစ်က ပယ် ထားပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ပထမ၊ ၃၆၈)

၂၅။မေး။ ။ သစ်ပင်တွေမှာ အသက်ရှိပါသလား။

ဖြေ။ ။ သစ်ပင်တွေဟာ ခုတ်ဖြတ်မယ်လို့ ရွယ်သည်က စပြီး ခုတ်ဖြတ်သည့်တိုင်အောင် ကြောက်ရွံ့ တုန်လှုပ်တဲ့အခြင်းအရာ မရှိကြ။ ခုတ်ပြီးတဲ့ အခါ နောက်ထပ် စည်ပင်လာနိုင်တယ်။ အပင် တစ်မျိုး နဲ့ တစ်မျိုးလည်း မတူကြ။ အဏ္ဍဇ၊ ဇလာ ဗုဇ၊ သံသေဒဇ၊ ဩပပါတိက ဆိုတဲ့ ယောနိ ၄ မျိုးမှာ လည်း မပါဝင်ကြ။ ဒါကြောင့် သစ်ပင်တွေမှာ အသက်မရှိကြောင်း ထင်ရှားပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ပထမ၊ ၄၈၃)

http://www.dhammadownload.com



၂၆။မေး။ ။ သစ်ပင်တွေမှာ ကြီးထွားတာ၊ ညှိုးနွမ်းတာတွေဟာ အသက်ရှိလို့၊ စိတ်ရှိလို့ပါလား။

ဖြေ။ ။ သစ်ပင်တွေရဲ့ကြီးပွားပုံကို ထောက်ပြီး သစ်ပင်တွေမှာ အသက်ရှိကြတယ်လို့ ကြံကြတယ်။ ကြီးထွားတာဟာ သစ်ပင်သာမက သန္တာ၊ ကျောက်သလင်း၊ ဆားတွေမှာလည်း ဖြစ်တယ်။ အဲဒီအရာများ အသက်ရှိပါသလော။ ဒါ့ကြောင့် ကြီးပွားတာဟာ အသက်ရှိခြင်းရဲ့ အကြောင်း မဟုတ်ပါ။ ပြီးတော့ "မန်ကျည်းပင် စတဲ့ တချို့ အပင်တွေဟာ ညနေချမ်းမှာ ညှိုးနွမ်းကြတယ်။ အဲဒီ ညှိုးနွမ်းတာဟာ စိတ်ရှိလို့ နေ့အချိန်မှာ အာရုံတွေကို ယူရတဲ့အတွက် ညကျမှ အိပ်ကြတာပဲ"လို့ ကြံစည်ကြတယ်။

"တချို့သစ်ပင်တွေဟာ လိုအပ်တဲ့ဓာတ် မြေ၊ ရေ၊ လေ မရကြလို့ ညှိုးနွမ်းကြတယ်။ အဲဒီ ညှိုးနွမ်းတာဟာ စိတ်ရှိလို့ မြေ၊ ရေ၊ လေကို သုံးစွဲလိုတဲ့ အာသာ(ချင်ခြင်း)ပဲ"လို့လည်း ကြံစည်ကြတယ်။ အဲဒီအကြံဟာ အကြံမှုသာ ဖြစ်တယ်။ စင်စစ်မှာတော့ စိတ်ရှိလို့ မဟုတ်၊ ဓာတ်သဘောအလိုက်ဖြစ်ကြတာပါပဲ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ပထမ၊ ၄၈၄)

http://www.dhammadownload.com



၂၇။မေး။ ။ ရဟန်းတွေက သစ်ပင်တွေကို ဘာကြောင့် မဖျက်ဆီးရတာပါလဲ။

ဖြေ။ ။ သစ်ပင်တွေကို မခုတ်၊ မဖျက်တာဟာ ရဟန်းတွေအား လျှောက်ပတ်တဲ့အကျင့်ဖြစ်လို့ရော အဲဒီသစ်ပင်ကို မှီနေတဲ့သတ္တဝါ(နတ်စသည်)ကို သနားလို့ပါ မဖျက်ဆီးရတာပါပဲ။

(မဟာဂန္ဓာရုံ ဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ပထမ၊ ၄၈၃)

၂၈။မေး။ ။ တရားကို ဂီတသံပေါက်အောင် ရဟန်း၊သာမဏေများ ရွတ်ဆိုကောင်းပါသလား။

ဖြေ။ ။ ဘုရားအဆုံးအမတော်ရဲ့ ဆန့်ကျင်ဘက်မဖြစ်တဲ့ ဂီတကို နားထောင်တာကတော့ တစ်ခါတစ်ရံ အပ်ပါတယ်။ ဒါကြောင့် ခုဒ္ဒကပါဠိ အဋ္ဌကထာ သိက္ခာပဒအခဏ်းမှာ "ဓမ္မူပသံဟိတံပိ စေတ္ထ ဂီတံ န ဝဋ္ဋတိ = တရားနဲ့စပ်စေကာမူ ဂီတဟာ မအပ်၊ ဂီတူပသံဟိတော ပန ဓမ္မော ဝဋ္ဋတိ = ဂီတနဲ့စပ်ယှဉ်တဲ့ တရားကတော့ အပ်ပါတယ်" လို့ ဆိုပါတယ်။

ဆက်ပါဦးမယ်။ ဓမ္မနဲ့ဂီတကို ရှေးဦးစွာ ခွဲပါ။ ဓမ္မဆိုတာ ပါဠိတော် အဋ္ဌကထာတရားပါပဲ။ ဂီတဆိုတာကတော့ လူမျိုးအလိုက် သီချင်းလို့ သတ်မှတ်ထားတဲ့ ပျို့၊ ကဗျာ၊ လင်္ကာ၊ တေး

http://www.dhammadownload.com



အမျိုးမျိုးပါပဲ။ သက္ကပဉ္စသုတ်မှာ ပဉ္စသိခ နတ်သားရဲ့ဂီတတွေဟာ ပါဠိဂါထာများပါပဲ။ "ဓမ္မူပသံဟိတံ ဂီတံ န ဝဋ္ဋတိ"အရ တရားဓမ္မကို ဂီတသံ ပေါက်အောင် မရွတ်ရ။ ရွတ်ရင် "န ဘိက္ခဝေ ဂီတဿရေန ဓမ္မော ဂါယိတဗ္ဗော"လို့ စူဠဝဂ္ဂပါဠိတော်က တားမြစ်ချက်အရ ဒုက္ကဋ် အာပတ်သင့်ပါတယ်။

"ဂီတူပသံဟိတော ဓမ္မော ဝဋ္ဋတိ"အရ ဓမ္မကို ပျို့၊ ကဗျာ၊ လင်္ကာလုပ်ပြီး ဂီတဖွဲ့ရင် အပ်ပါတယ်။ "အပ်"လို့ ဆိုပေမဲ့ ရဟန်းသာမဏေတွေ ဂီတသံဖြစ်အောင် မရွတ်ဆိုကောင်း ရွတ်ဆိုရင် နစ္စ၊ ဂီတမှာ ဂီတအရ ပါဝင်သွားတယ်။ ဂီတသံ မပေါက်အောင် ရိုးရိုးရွတ်ဖတ်ရင်တော့ အပ်စရာ ရှိပါတယ်။ ပဉ္စသိခရဲ့ ဂီတတွေကို အသံမဆွဲဘဲ ရွတ်ဖတ်ရင် ဘယ်မှာ မအပ်ဘဲ ရှိမလဲ။ သင်္ဂါယနာ တင်တုန်းကပဲ ရွတ်ဆိုခဲ့ကြပြီး မဟုတ်ပါလား။ နားထောင်ရာမှာတော့ ဓမ္မဂီတ ဖြစ်ရင် ဘုရားအဆုံးအမနဲ့ မဆန့်ကျင်တဲ့အပြင် တရားထူးပင် ရနိုင်လို့ ဥပုသ်သည်မဟုတ်တဲ့ လူတွေက အသံဆွဲပြီး တရားဂီတရွတ်ရာ၌သော်မှလည်း အပ်စရာ ရှိပါတယ်။

(မဟာဂန္ဓာရုံ ဆရာတော်ကြီး)
(သီလက္ခန်၊ ဘာသာဋီကာ၊ ပထမ၊ ၄၈၈)

http://www.dhammadownload.com



၂၉။မေး။ ။ ဥပုသ်သည်တွေဟာ လဲ(ဝါဝွမ်း)သွတ်ထားတဲ့ မွေ့ရာမှာ သိပ်ကောင်းပါသလား။

ဖြေ။ ။ လူဝတ်ကြောင်တွေဟာ ဥပုသ်စောင့်တဲ့အခါ မအိပ်ကောင်းပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ပထမ၊ ၅၄၀)

၃၀။မေး။ ။ အင်္ဂကျမ်း၊ လက္ခဏာကျမ်းတွေကို ရှင် ရဟန်းတွေ သင်ယူပို့ချကောင်းပါလား။

ဖြေ။ ။ အင်္ဂကျမ်း၊ လက္ခဏာကျမ်းတွေကို တိရစ္ဆာန ဝိဇ္ဇာလို့ ခေါ်ထားပေမယ့် သုတ်ပါထေယျ၊ လက္ခဏာသုတ်ပါဠိတော်၊ အဋ္ဌကထာတွေမှာတော့ အင်္ဂါကြီးငယ်နဲ့ လက္ခဏာတွေကိုပင် အကြောင်းအကျိုးစုံလင်စွာ ဖွင့်ထားပါတယ်။ ဒါကြောင့် မိစ္ဆာဇီဝနဲ့မစပ်ဘဲ သင်ယူပို့ချနိုင်ရင် အပ်တယ်လို့သာ မှတ်ပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ပထမ၊ ၅၆၁)

၃၁။မေး။ ။ "လပေုပ် ဖမ်းတယ်"ဆိုတာ ဘာကို ခေါ်တာပါလဲ။

ဖြေ။ ။ ရာဟုအသုရိန်က လနဲ့နေကို ဖမ်းရာမှာ တစ်ခါတစ်ရံသာ ဖြစ်စရာရှိပါတယ်။ လကြတ်မှု၊ နေကြတ်မှုကတော့ ရာဟုဂ္ဂါဟကျမ်းနည်းနဲ့ "ဘယ်

http://www.dhammadownload.com



အချိန်မှာ ဖမ်းလိမ့်မယ်”လို့ တင်ကြို့ပြီး တွက်နိုင်ပါတယ်။ ဒါကြောင့် “ရာဟု”အရ ရာဟုအသုရိန်ကို မယူဘဲ ရာဟုဂြိုဟ်ကိုယူမှ သာပြီး သဘာဝကျမယ်ထင်ပါတယ်။ အဲဒီလို ရာဟုဖမ်းတာကို “လင်ပုပ်ဖမ်းတယ်” လို့ မြန်မာတို့ ခေါ်ကြပါတယ်။

“လကို ရာဟုဖမ်း”ဆိုရာမှာလည်း လနဲ့ရာဟုဂြိုဟ်တို့ ပေါင်းမိတာပါပဲလို့ ယူသင့်ပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ပထမ၊ ၅၇၁)

၃၂။မေး။ ။ “စတုမဓု” ဘယ်လိုဖော်စပ်ရပါသလဲ။

ဖြေ။ ။ နို့ခမ်း၊ ပျားရည်၊ ထောပတ်၊ တင်လဲ (သကာ၊ သကြားရည်)ဒီ ၄ မျိုး (ချိုဆိမ့်တဲ့အရသာ ၄ မျိုး) ရောစပ်ထားတာကို “စတုမဓုရ”လို့ ခေါ်ကြောင်း မူလပဏ္ဏာသ၊ စူဠယမကဝဂ်၊ မဟာဓမ္မသမာဒါနသုတ်ပါဠိတော်မှာ မိန့်တော်မူပ တယ်။ [ယခုအခါ ဖော်စပ်ရိုးဖြစ်တဲ့ ဆီမပါ]

အချို့ကတော့ “ထောပတ်၊ သကြား၊ ပျားရည်၊ အုန်းဆီ ၄ မျိုးစပ်ကို စတုမဓုရ”လို့ ခေါ်ကြသတဲ့။ အဲဒီဖော်နည်း ၂ မျိုးမှာ နို့ခမ်းနဲ့ အုန်းဆီဟာ သတ္တာဟကာလိက (တစ်ခါ အကပ်ခံထားရင် ၇ ရက် စားလို့ရတဲ့ အစာ) မဟုတ်။

http://www.dhammadownload.com



ယခုခေတ် ဖော်စပ်ရိုးဖြစ်တဲ့ ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ ၄ မျိုးစပ် စတုမဓုသာ သတ္တာဟကာလိက ဖြစ်တယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ၃၊ ၂၁၇)

၃၃။မေး။ ။ "နတ်သုဓာ"ဆိုတာ ဘာကို ခေါ်တာပါလဲ။

ဖြေ။ ။ ချမ်းသာကို ဆောင်ပေးတတ်လို့ နတ်တွေရဲ့ အာဟာရကို "သုဓာ"လို့ ခေါ်ပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ၃၊ ၉၅)

၃၄။မေး။ ။ နတ်သုဓာရဲ့အနေအထားက ဘယ်လိုရှိပါသလဲ။

ဖြေ။ ။ ခရုသင်းလို ဖွေးဖွေးဖြူတယ်။ အတုမရှိအောင် ကြည့်စရာ ကောင်းတယ်။ စင်ကြယ်တယ်။ အနံ့ ကောင်းတယ်။ ချစ်စရာအဆင်းရှိတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ၃၊ ၉၅)

၃၅။မေး။ ။ နတ်သုဓာကို စားရရင် အကျိုးဘယ်လောက် ရပါသလဲ။

ဖြေ။ ။ ၁၂ မျိုးရပါတယ်။

၁။ ထမင်းဆာခြင်း၊

၂။ ရေငတ်ခြင်း၊

၃။ မမွေ့လျော်ခြင်း၊

http://www.dhammadownload.com



၄။ ကိုယ်ပူခြင်း၊
၅။ ပင်ပန်းခြင်း၊
၆။ အမျက်ထွက်ခြင်း၊
၇။ ရန်ငြိုးဖွဲ့ခြင်း၊
၈။ ငြင်းခုံခြင်း၊
၉။ ချော့ပစ်ကုန်းတိုက်ခြင်း၊
၁၀။ ချမ်းအေးခြင်း၊
၁၁။ ပူအိုက်ခြင်း၊
၁၂။ ပျင်းရိခြင်း။

ဒီ ၁၂ ပါးကို ပယ်ဖျောက်နိုင်ခြင်းပါပဲ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ဒု၊ ၉၅)

၃၆။မေး။ ။ နတ်သုဓာရဲ့ပမာဏက ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ နတ်သုဓာဟာ သဖန်းသီးပမာဏရှိတယ်။ လက်တစ်ဆုတ်စာလောက်သာ ကြီးတယ်။ အဲဒီသုဓာကို နတ်တို့ အရေအတွက်အားဖြင့် တစ်ရက်တစ်ခါ စားကြရမယ်။ အောက်အောက်နတ်များထက် အထက်အထက်နတ်များရဲ့ အာဟာရ က အဆင့်ဆင့် သာလွန်တယ်။ လျှာပေါ် တင်လိုက်ရင်ပဲ ဆံဖျား၊ လက်သည်း၊ ခြေသည်း ဖျားတိုင်အောင် တစ်ကိုယ်လုံး ပျံ့နှံ့ပြီး သွားလေသတဲ့။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ဒု၊ ၉၅)

http://www.dhammadownload.com



၃၇။မေး။ ။ ဝသဝတ္တိနတ်ပြည်မှာ ဝသဝတ္တိနတ်မင်း ရှိပါလျက် မာရ်နတ်က ဘာလို့ ပိုထင်ရှားတာပါလဲ။

ဖြေ။ ။ တိုင်းပြည်မှာ သူပုန်ထတဲ့ မင်းသားဟာ တိုင်းပြည်ကို မရပေမယ့် အလွန်ထင်ရှားသလို မာရ်နတ်ဟာ အကြမ်းသမားဖြစ်လို့ ပိုထင်ရှားပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ဒု၊ ၄၀၉)

၃၈။မေး။ ။ ဗြဟ္မာတွေဟာ အဲဒီဘုံနဲ့ဆိုင်တဲ့ ကုသိုလ်စျာန်ကိုရော အောက်အောက်စျာန်ကိုပါ အမြဲရနေကြတယ် မဟုတ်ပါလား။

ဖြေ။ ။ လူ့ဘုံတုန်းကလိုပဲ စျာန်ရအောင် အားထုတ်မှသာ ထိုထိုစျာန်ကို ရပြီး ထိုထိုဗြဟ္မာဘုံမှာ ထပ်ခါဖြစ်နိုင်ကြပါတယ်၊ စျာန် မရရင် စုတေတဲ့အခါ ကာမဘုံသို့သာ ပြန်ဖြစ်ကြရတယ်လို့ မှတ်ပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(သီလက္ခန်၊ ဘာသာဋီကာ၊ ဒု၊ ၇၈)

၃၉။ မေး။ ။သောတာပန်မှာ ဣဿာနဲ့ မစ္ဆရိယ ကင်းပါပြီလား။

ဖြေ။ ။ ဘုရားဟောသုတ္တန်ပါဠိတော်တွေမှာတော့ "တိဏ္ဏံ သံယောဇနာနံ ပဟီနတ္တာ= သက္ကာယ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသ ဆိုတဲ့ သံယောဇဉ် သုံးပါးကို ပယ်တယ်" လို့သာ ဆိုထားပါတယ်။

http://www.dhammadownload.com



အင်္ဂုတ္တရနိကာယ်, ဒုကနိပါတ် (ပ၊ ၉၅) ကောဓပေယျာလမှာလည်း "ဒွေမေ ဘိက္ခဝေ ဓမ္မာ သေခဿ ဘိက္ခုနော ပရိဟာ နာယ သံဝတ္တန္တိ၊ ကတမေ ဒွေ၊ ကောဓော စ ဥပနာဟော စ၊ မက္ခော စ၊ ပဠာသော စ၊ ဣဿာ စ၊ မစ္ဆရိယဉ္စ၊ မာယာ စ၊ သာဌေယျဉ္စ" စသည်ဖြင့် ဟောထားပါတယ်။

အဲဒီအဋ္ဌကထာမှာ"သေက္ခပုဂ္ဂိုလ် ၇ ယောက်မှာလည်း ရသင့်တဲ့အထက်ဂုဏ်တွေမှ ဆုတ်ယုတ်ဖို့ရာ ဖြစ်ကြတယ်" လို့ဖွင့်ထားပါတယ်။ အဲဒီပါဠိ, အဋ္ဌကထာ ၂ ရပ်ကို စပ်ကြည့်လိုက်ရင် သောတာပန်ဟာ သေက္ခပုဂ္ဂိုလ် ၇ ပါးထဲက ဒုတိယပုဂ္ဂိုလ် ဖြစ်တဲ့အတွက် သောတာပန်မှာလည်း ဣဿာနဲ့ မစ္ဆရိယ ရှိရင် အထက်မဂ်ဖိုလ်ဂုဏ်ထူးကို အလွယ်တကူ မရနိုင်ဘဲ ဆုတ်ယုတ်နိုင်တယ်လို့ယူရပါလိမ့်မယ်။ ဒီတော့သောတာပန်မှာလည်း ဣဿာနဲ့ မစ္ဆရိယ မကင်းသေးဘူးလို့ ဆိုဖွယ်ရာ ရှိနေပါတယ်။ ဒါပေမဲ့ တစ်ထစ်ချ ဆုံးဖြတ်ဖို့ကတော့ ခက်ပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(သလ္လေခသုတ်တရားတော်၊ ဒု ၊ ၁၇၆)

http://www.dhammadownload.com



၄၀။မေး။ ။ လက်သည်း၊ ခြေသည်းအစတွေကို အိမ်ထဲ ထား ရင် ကျက်သရေ မရှိဘူး။ စီးပွားပျက်တတ်တယ် ဆိုတာ ဟုတ်ပါသလား။

ဖြေ။ ။ တကယ်တော့ ဟုတ်ပုံမရပါဘူး။ ရှေးလူကြီး တွေက ခြောက်လုံးနဲ့ ဆုံးမထားခဲ့ဟန်တူပါ တယ်။ ဘာကြောင့်လဲဆိုတော့ ခြေသည်း၊ လက် သည်း အစအနကလေးတွေဟာ ချွန်ထက်နေ တယ်။ အိမ်ထဲမှာထားရင် အဲဒါလေးတွေက နုတဲ့ အသားကို စူးနိုင်တယ်။ မျက်စိထဲဝင်ရင် အများ ကြီး ဒုက္ခရောက်နိုင်တယ်။ ဒါကြောင့် ဒီ လက် သည်း၊ ခြေသည်းအစအနတွေကို လွှတ်ရာ ထုတ် ပစ်အောင်လို့ ရှေးလူကြီးတွေက ခြောက်ပြီး ဆုံးမ ခဲ့ဟန်တူပါတယ်။

တကယ်လို့သာ ဖြတ်ပြီးလက်သည်း ခြေသည်း အစတွေက ကျက်သရေ ယုတ်စေတတ်တယ် ဆိုရင် မဖြတ်ရသေးတဲ့ လက်သည်းခြေသည်းတွေ လည်း အတူတူနေမှာပါပဲ။ ဒါပေမဲ့ အစွဲအလမ်း ဆိုတာ စွဲမိပြီဆိုမှဖြင့် တကယ်ဟုတ်တယ်လို့ ထင် နေတော့တာပါပဲ။ စွန့်ဖို့ရန် မလွယ်ဘူး။

ဒီလက်သည်း ခြေသည်းတွေဟာ လက်ထဲ, ခြေထဲမှာ ရှိနေတုန်းတော့ ကျက်သရေ ရှိတယ်။

http://www.dhammadownload.com



ဖြတ်လိုက်မှ ကျက်သရေ မရှိဘဲ ဖြစ်သွားတယ် ဆိုတော့ သိပ်ထူးဆန်းတာပဲ။ ဘယ်အချိန် ကျက်သရေက ထွက်သွားလိုက်မှန်း မသိဘူး။ မပြတ်တပြတ်ထားရင် ကျက်သရေ တစ်ဝက် တစ်ပျက် ရှိနေသေးတယ်လို့များ ယူရမလား။ အဲဒါကမှ ဟိုခြစ်ဒီခြစ်မိနဲ့ သာပြီး ကျက်သရေ ယုတ်မှာ။

(မဟာစည်ဆရာတော်ကြီး)

(ဝမ္မိကသုတ်တရားတော်၊ ၅၆)

၄၁။မေး။ ။ ပိဋကစာပေထဲက တချို့အကြောင်းအရာတွေ က ယခုခေတ်သိပ္ပံဆရာတွေရဲ့လက်တွေ့နဲ့ မကိုက်ညီ ဘဲ ရှိနေပါတယ်။ အဲဒါမျိုးတွေနဲ့စပ်ပြီး အယူ သည်းရင် မဂ်ရဲ့အန္တရာယ် (မဂ္ဂန္တရာယ်) ဖြစ်နိုင် ပါသလား။

ဖြေ။ ။ ကမ္ဘာမြေကြီးက ဘယ်လို တည်နေတယ်။ နေလ နက္ခတ်တွေက ဘယ်လိုတည်နေတယ် စသည်ဖြင့် ရေးကရေးသားထားတဲ့ ကျမ်းဂန်တွေအရ ယူဆ စွဲလမ်းထားတာတွေ ရှိတယ်။ အဲဒါတွေထဲက တချို့အကြောင်းအရာတွေဟာ ယခုခေတ် သိပ္ပံ ဆရာတွေရဲ့ လက်တွေ့နဲ့ မကိုက်ညီဘဲ ဖြစ်နေ တယ်။ ဟိမဝန္တာတောင်အကြောင်း၊ မြစ်ကြီး ငါးသွယ် အကြောင်းတွေဟာလည်း ယခုခေတ်

http://www.dhammadownload.com



သုတေသနပြုကြတဲ့ ပုဂ္ဂိုလ်တွေရဲ့မျက်မြင်နဲ့ ကွဲလွဲနေတာ ရှိတယ်။ အဲဒါမျိုးတွေနဲ့ စပ်ပြီး အယူသည်းတာကတော့ မဂ္ဂန္တရာယ်နဲ့မဆိုင်လို့ သိပ်အရေးမကြီးဘူးလို့ ဆိုရမှာပဲ။

ဘာကြောင့်လဲဆိုရင် အဲဒါတွေက ယူဆထားတဲ့အတိုင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သီလအကျင့်နဲ့လည်း မဆိုင်ဘူး။ သမာဓိ၊ ပညာအကျင့်နဲ့လည်း မဆိုင်ဘူး။ ဒါကြောင့်ပါပဲ။

(မဟာစည်ဆရာတော်ကြီး)

(သလ္လေခသုတ်တရားတော်၊ ဒု၊ ၂၉၀)

၄၂။မေး။ ။ အတ္တဒိဋ္ဌိ၊သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိ ရှိရင် မဂ္ဂန္တရာယ်ဖြစ်ပါသလား။

ဖြေ။ ။ အဲဒီအယူတွေဟာ မစွန့်လွှတ်နိုင်လောက်အောင် စွဲမြဲပြီး အယူသည်းနေရင် မဂ္ဂန္တရာယ်ဖြစ်တယ်။ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ အယူသည်းတဲ့သူက "အတ္တကောင်ကလေးဟာ အစဉ်ထာဝရတည်ရှိနေတယ်။ ခန္ဓာကိုယ်ကြမ်းကြီးက ပျက်လို့ သေသွားတယ်ဆိုပေမယ့် အတ္တကောင်ကတော့ မပျက်ဘူး။ အခြားခန္ဓာအိမ်အသစ်ထဲမှာ ရွှေ့ပြောင်းပြီး တည်မြဲပင် တည်ရှိနေတယ်။ ဘယ်တော့မှ မပျက်နိုင်ဘူး"လို့ မြဲမြဲစွဲ ယူဆထားတယ်။ ဒါကြောင့်

http://www.dhammadownload.com



"ကိလေသာနဲ့ ကံကြောင့် ဘဝသစ်ရုပ်နာမ်မျှသာ ဖြစ်နေတယ်။ ကိလေသာနဲ့ ကံချုပ်ရင် ဘဝသစ် ရုပ်နာမ် ချုပ်တယ်။ ဘဝသစ် ရုပ်နာမ်ချုပ်ရင် ဆင်းရဲခပ်သိမ်း ငြိမ်းတယ်" ဆိုတာကို သဿတ အယူသည်းတဲ့သူက မယုံဘူး။ မယုံတဲ့အတွက် ဆင်းရဲငြိမ်းကြောင်းဖြစ်တဲ့ မဂ္ဂင်အကျင့်ကို မကျင့် ဘူး။ မကျင့်တော့ မဂ်ဖိုလ်ကို မရောက်ဘူး။ မဂ္ဂန္တ ရာယ် ဖြစ်တော့တာပါပဲ။ ဒါပေမဲ့ သဿတ အယူက "အကုသိုလ်ကံကြောင့် နောင်ဘဝမှာ မကောင်းကျိုးကို ခံစားရတယ်။ ကုသိုလ်ကံ ကြောင့် နောင်ဘဝမှာ ကောင်းကျိုးကို ခံစားရ တယ်"ဆိုတဲ့ အယူကိုတော့ မပယ်ဘူး။ ဒါကြောင့် ကုသိုလ်ကံပြုပြီး နတ်ပြည်ကိုတော့ ရောက်နိုင်ခွင့် ရှိတယ်။ သဂ္ဂ န္တ ရာယ်တော့ မဖြစ်ဘူး။

ဥစ္ဆေဒဒိဋ္ဌိကတော့ ကုသိုလ်ကံကိုလည်း ပယ် တဲ့အတွက် နတ်ပြည်ကိုတောင် မရောက်နိုင်ဘူး။ သဂ္ဂန္တ ရာယ်၊ မဂ္ဂန္တ ရာယ် ၂ ပါးလုံး ဖြစ်တယ်။

(မဟာစည်ဆရာတော်ကြီး)

(သလ္လေခသုတ်တရားတော်၊ ဒု၊ ၂၉၀)

၄၃။မေး။ ။ တရားထူးရတဲ့ ဘုရား၊ ရဟန္တာ ရှိတယ်ဆိုတာ ကို မယုံရင် မဂ္ဂန္တ ရာယ် ဖြစ်ပါသလား။

http://www.dhammadownload.com



ဖြေ။ ။ မယုံရင် ဘယ်မှာတရားအားထုတ်တော့မှာလဲ၊ အားမထုတ်ရင် မဂ်၊ ဖိုလ်ကို မရနိုင်ဘူး။ မဂ္ဂန္တ ရာယ် ဖြစ်တော့တာပါပဲ။

(မဟာစည်ဆရာတော်ကြီး)

(သလ္လေခသုတ်တရားတော်၊ ဒု၊ ၂၉၀)

၄၄။မေး။ ။ ဘုရားသခင်အလိုကျ ဖြစ်ရတယ်ဆိုတဲ့ အယူ ဟာ ဘယ်အယူထဲမှာ ပါပါသလဲ။

ဖြေ။ ။ ဗုဒ္ဓသာသနာအပြင်ဘက်က အယူဝါဒတွေဟာ အများအားဖြင့် သဿတအယူပဲ ဖြစ်နေပါတယ်။ အဲဒီအယူတွေထဲမှာ တချို့ကတော့ "လူသေသွား ရင် ဘုရားသခင်ရဲ့အလိုအတိုင်း ကောင်းကင်ဘုံ ရောက်ပြီး အမြဲတမ်း တည်ရှိနေတယ်။ သို့မဟုတ် ထာဝရငရဲရောက်ပြီး အမြဲတမ်း ဒုက္ခခံနေရတယ်" လို့ ယူတဲ့ အယူလည်း ရှိတယ်။

(မဟာစည်ဆရာတော်ကြီး)

(ဓမ္မစကြာတရားတော်၊ ၃၂၀)

၄၅။မေး။ ။ ယခုခေတ်မှာ တရားအားထုတ်ပေမယ့် မဂ်ဖိုလ် တရားထူးကို မရနိုင်ဘူးလို့ ယူဆပြောဆိုရင် သူ့မှာ မဂ္ဂန္တ ရာယ် ဖြစ်နိုင်ပါသလား။

ဖြေ။ ။ အဲဒီအယူကို မစွန့်ရင် သူကိုယ်တိုင်တော့ အား မထုတ်ပေဘူး။ အားမထုတ်ရင် သူ့မှာတော့ မဂ်

http://www.dhammadownload.com



ဖိုလ်ကို မရနိုင်ဘူး။ မဂ္ဂန္တရာယ် ဖြစ်တယ်။ အဲဒါ ကတော့ သေချာပါတယ်။

(မဟာစည် ဆရာတော်ကြီး)

(သလ္လေခသုတ်တရားတော်၊ ဒု၊ ၂၉၄)

၄၆။မေး။ ။ အတ္တစွဲကို မဖြုတ်ဘဲ တရားအားထုတ်ရင် မဖြစ်ဘူးလို့ ဟောနေတာ ရှိပါတယ်။ အဲဒါ ဟောသင့်ပါသလား။

ဖြေ။ ။ မဟောသင့်ဘူးလို့ ဘုန်းကြီးတို့က သဘောကျပါတယ်။ ဘာကြောင့်လဲဆိုရင် ဗုဒ္ဓသာသနာဝင် မြန်မာတွေမှာ တရားအားထုတ်လိုတဲ့သူဆိုရင် အတ္တစွဲ လုံးဝမကင်းသေးပေမယ့် "ရုပ်နာမ် ၂ ပါးမျှသာ ရှိတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော တရားချည်းပဲ"ဆိုတာလို့ ကြားလည်း ကြားနာဖူးကြတယ်။ အဲဒီအတိုင်းလည်း ယုံကြည်လက်ခံထားပြီး ဖြစ်ကြတယ်။ အယူသည်းတဲ့ လက္ခဏာ မရှိပါဘူး။

ဒါကြောင့် တရားအားထုတ်ခြင်းရဲ့ အန္တရာယ် မဖြစ်ပါဘူး။ အားထုတ်နေရင်း ရုပ်နာမ်ကို ပိုင်းခြားသိတဲ့အခါ အဲဒီရှိနေတဲ့ သာမန်အတ္တစွဲလည်း ကင်းကွာသွားပါတယ်။ ဝိပဿနာဉာဏ် ရင့်သန်လေလေ အနတ္တအမြင်သန်လေလေဖြစ်ပြီး အဲဒီ အတ္တအစွဲဟာ ကင်းသည်ထက်ကင်းသွားပါတယ်။

http://www.dhammadownload.com



နောက်ဆုံးမှာ အရိယမဂ်ဉာဏ်နဲ့ အဲဒီ အတ္တစွဲကို လုံးဝကင်းစင်နိုင်ပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(သလ္လေခသုတ်တရားတော်၊ ဒု၊ ၂၉၄)

၄၇။မေး။ ။ "သူတို့ပြောဟောတာကို သိနားလည်ရင် ပြီးတယ်။ တရားအားထုတ်ဖို့ မလိုဘူး"လို့ ပြောဆိုကြပါတယ်။ အဲဒီစကားဟာ ကျမ်းဂန်နဲ့ ညီပါသလား။

ဖြေ။ ။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ တရားလေးပါးထဲက တစ်ပါးပါးကို ရှုမှတ်ပါမှ ဝိပဿနာပညာလည်း ဖြစ်နိုင်တယ်။ အရိယမဂ်ပညာလည်း ဖြစ်နိုင်တယ်။ ဒါကြောင့် တရားနာရင်း အရိယမဂ်ဖိုလ် ရောက်ပြီး သောတာပန် စသည် ဖြစ်ကြတယ်ဆိုတာဟာ သတိပဋ္ဌာန်နည်းလမ်းနဲ့ ရှုမှတ်ပြီး ဖြစ်သွားကြတာပါပဲ။ သတိပဋ္ဌာန်နည်းလမ်းနဲ့ ကင်းပြီး နာကြားရုံမျှနဲ့ မဂ်ဖိုလ်ရကြတာ မဟုတ်ဘူးလို့ ပြတ်ပြတ်သားသား ပြဆိုထားပါတယ်။ ဒါကြောင့် အထက်မေးခွန်းပါစကားဟာ ကျမ်းဂန်လွတ်စကားသာ ဖြစ်တယ်။ ကျမ်းဂန်လွတ်ရုံတွင် မဟုတ်သေးဘူး။ မြတ်စွာ

http://www.dhammadownload.com



ဘုရားရဲ့ စကားတော်တွေနဲ့လည်း ဆန့်ကျင်နေတယ်။

(မဟာစည်ဆရာတော်ကြီး)
(သလ္လေခသုတ်တရားတော်၊ ၃၊ ၁၈၉)

၄၈။မေး။ ။ မြတ်စွာဘုရားတောင်မှ ကျိန်းစက်တော်မူတော့ ဘုရားရှင်မှာ နီဝရဏ ထိနမိဒ္ဓ ရှိနေပါသေးသလား။

ဖြေ။ ။ ကိုယ်ပင်ပန်းလို့ အိပ်ချင်တာကိုတော့ နီဝရဏ ထိနမိဒ္ဓလို့ မဆိုသင့်ဘူး။

ဥတုကြောင့်၊ အာဟာရကြောင့် ဖြစ်တယ်ဆိုတဲ့ ရုပ်မိဒ္ဓကို ဝိမုတ္တိမဂ်ကျမ်းမှာသာမက မိလိန္ဒပဉ္စာနဲ့ ပိဋကောပဒေသကျမ်းမှာလည်း တွေ့ရတယ်။ အဲဒီမှာ စိစစ်ကြည့်ရင် ရုပ်မိဒ္ဓရှိတယ် ဆိုတဲ့ ကျမ်း ၃ ခုက ဇမ္ဗူဒီပခေါ်တဲ့ အိန္ဒိယက ရေးတဲ့ ကျမ်းတွေဖြစ်တယ်။ ရုပ်မိဒ္ဓကို ပယ်တဲ့ ဝိသုဒ္ဓိမဂ်နဲ့ အဋ္ဌသာလိနီအဋ္ဌကထာတွေက သီဟိုဠ်က ရေးတဲ့ ကျမ်းတွေ ဖြစ်တယ်။ ဒါကြောင့် ရုပ်မိဒ္ဓရှိတယ် ဆိုတဲ့ ဝါဒကို ဇမ္ဗူဒီပ(အိန္ဒိယ)မထေရ်တွေရဲ့ ဝါဒလို့ မှတ်ယူသင့်ပါတယ်။ မြတ်စွာဘုရားတောင် ရာသီဥတု အလွန်ပူအိုက်တဲ့လမှာ နေ့အခါ ကျိန်းစက်တော်မူတယ် ဆိုတော့ ရုပ်မိဒ္ဓဝါဒက သင့်တဲ့ သဘောရှိပါတယ်။

(မဟာစည်ဆရာတော်ကြီး)
(သလ္လေခသုတ်တရားတော်၊ ၃၊ ၁၁၂)

http://www.dhammadownload.com



၄၉။မေး။ ။ ဘုရားအစစ်အမှန် ဟုတ် မဟုတ်ကို ဘယ်လို လုပ်ပြီး သိရပါမလဲ။

ဖြေ။ ။ ဘုရားစစ် ဘုရားမှန်မှာ အရဟံ အစရှိတဲ့ ဂုဏ်တော် ၉ ပါး ရှိရပါမယ်။ အဲဒီဂုဏ်တော်တွေနဲ့ ပြည့်စုံရင် ဘုရားစစ်၊ ဘုရားမှန်ပဲ။

အဲဒီ ဂုဏ်တော် ၉ ပါးထဲက လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာ ကင်းဝေးစင်ကြယ်တယ် ဆိုတဲ့ အရဟံဂုဏ်တစ်ပုဒ်နဲ့ တိုက်ကြည့်ရင်ကို အစစ်အမှန်ဟုတ်မဟုတ် သိနိုင်ပါတယ်။ ဖန်ဆင်းတယ်ဆိုတဲ့ ဘုရားက သူ့ကို အရိုအသေကိုးကွယ်တာ အလိုရှိတယ်။ လောဘ လို့ ဆိုရမှာပေါ့။ မကိုးကွယ်တဲ့သူကို ဒဏ်ခတ်တယ်လို့ ဆိုတယ်။ ဒေါသလို့ ဆိုရမှာပေါ့။ မြတ်စွာဘုရားကတော့ တရားကို ကျင့်ရင် ကောင်းကျိုးရမယ်။ မကျင့်ရင် မကောင်းကျိုး ရမယ်။ သူ့ကံအားလျော်စွာ ဖြစ်ရတယ်လို့သာ ဟောတယ်။ “မိမိအား ကိုးကွယ်ရင် ကယ်မယ်။ မကိုးကွယ်ရင် အပြစ်ပေးမယ်”လို့ မဟောဘူး။ လောဘ၊ ဒေါသ အရိပ်အယောင် တောင် မပါဘူး။ လောဘ၊ ဒေါသ စသည် ကင်းအောင်ကျင့်ဖို့သာ တိုက်တွန်းတယ်။ ဒါကြောင့်

http://www.dhammadownload.com



ကိလေသာကင်းဝေးစင်ကြယ်တဲ့ အရဟံဂုဏ်နဲ့ ပြည့်စုံကြောင်း ထင်ရှားပါတယ်။

(မဟာစည် ဆရာတော်ကြီး)

(သလ္လေခသုတ်တရားတော်၊ ဒု၊ ၂၄၃)

၅၀။မေး။ ။ တရား အစစ်အမှန် ဟုတ် မဟုတ်ကို ဘယ်လို လုပ်ပြီး သိရမှာပါလဲ။

ဖြေ။ ။ တရားတော်ကလည်း သွာက္ခာတဂုဏ်၊ သန္ဒိဋ္ဌိက ဂုဏ် စတဲ့ ဂုဏ်တော် ၆ ပါးနဲ့ ပြည့်စုံရင် တရားစစ် တရားမှန်ပဲ။ အဲဒီမှာလည်း ကိုယ်တိုင် တွေ့မြင် နိုင်တယ်ဆိုတဲ့ သန္ဒိဋ္ဌိကတစ်ပုဒ်နဲ့ တိုက်ကြည့် ရင်ကို အစစ်အမှန် ဟုတ် မဟုတ် သိနိုင်ပါတယ်။

တခြားဘာသာတရားတွေမှာ ကိုယ်တိုင်တွေ့ နိုင်တာကို ထုတ်မပြနိုင်ဘူး။ ကျမ်းစာတွေက ညွှန်ပြထားတဲ့အတိုင်း မျက်စိမှိတ်ပြီး ယုံကြည် နေကြတာချည်းပဲ။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရား တော်ကတော့ ကိုယ်တိုင်ကျင့်ရင် ကိုယ်တိုင် တွေ့မြင်နိုင်ပါတယ်။

ဘုန်းကြီးတို့ ညွှန်ပြတဲ့အတိုင်း ရှုမှတ်ကြည့်ပါ။ ရက် ၁ ပတ်၊ ၂ ပတ် အတွင်းမှာပဲ တရား အရသာ ကို တွေ့တန်သလောက် တွေ့သိနိုင်ပါတယ်။ ၄၊ ၅၊ ၆ ပတ်လောက် အားထုတ်လိုက်ရင်တော့

http://www.dhammadownload.com



တကယ် ထူးခြားတဲ့ တရားအရသာကို တွေ့သိနိုင်ပါတယ်။ ဒါကြောင့် သန္ဒိဋ္ဌိကဂုဏ်တော်နဲ့ ပြည့်စုံကြောင်း ထင်ရှားပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(သလ္လေခသုတ်တရားတော်၊ ၃၊ ၂၄၃)

၅၁။မေး။ ။ သံဃာအစစ်အမှန် ဟုတ် မဟုတ် ဘယ်လိုသိရပါမလဲ။

ဖြေ။ ။ သံဃာတော်ကလည်း သုပ္ပဋိပန္န စတဲ့ ဂုဏ်တော် ၉ ပါးနဲ့ ပြည့်စုံရင် သံဃာစစ်၊ သံဃာမှန်ပဲ ကောင်းစွာကျင့်တာကို သုပ္ပဋိပန္နလို့ ဆိုတယ်။ အဲဒီတော့ သူ့တရားနဲ့သူ ကောင်းစွာကျင့်တယ်လို့ချည်း ပြောကြလိမ့်မယ်။ ဒါပေမဲ့ အကျင့်ကောင်း ဟုတ် မဟုတ် ခွဲခြားသိစရာရှိပါတယ်။ လောဘ၊ ဒေါသစတဲ့ တရားဆိုးတွေကင်းအောင် ကျင့်ရင် ကောင်းတဲ့အကျင့်ပဲ။ ဗုဒ္ဓသာသနာတော်မှ အပြင်ဘက်မှာ လောဘ၊ ဒေါသကင်းအောင် ကျင့်တာက အများအားဖြင့် မရှိဘူး။ ရှိပြန်တော့လည်း အမြစ်ပြတ် မကင်းဘူး။

ဗုဒ္ဓသာသနာတော်မှာတော့ လောဘ၊ ဒေါသစသည်ကို အမြစ်ပြတ် ငြိမ်းစေနိုင်တဲ့ အကျင့်ရှိတယ်။ အဲဒီအကျင့်ကို ကျင့်နေကြတယ်။

http://www.dhammadownload.com



ဒါကြောင့် ကောင်းစွာကျင့်တဲ့ သုပ္ပဋိပန္နဂုဏ်နဲ့ ပြည့်စုံကြောင်း ထင်ရှားပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(သလ္လေခသုတ်တရားတော်၊ ဒု၊ ၂၄၄)

၅၂။မေး။ ။ သာသနာနှစ်ကို သိချင်ရင် ဘယ်လိုမှတ်ရပါမလဲ။

ဖြေ။ ။ ရောက်ဆဲ မြန်မာသက္ကရာဇ်ထဲမှာ အဲဒီ ဖြုံခဲ့တဲ့ ၁၁၈၂ ကို ရောထည့်ရတယ်။ အကြောင်းက တော့ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ကစပြီး ခုနှစ် ရေတွက်လာခဲ့ရာ ၆၂၄ နှစ်ရှိတဲ့အခါ သုမုန္ဒရီမင်းက ၆၂၂ ကို ဖြိုပစ်ခဲ့တယ်။ တဖန် ၅၆၂ နှစ်ရှိတဲ့အခါ သကြာဇ်မင်းက ၅၆၀ ကို ဖြိုပစ်ခဲ့ပြန်တယ်။ အဲဒီ ဖြိုခဲ့တဲ့ ၆၂၂ နဲ့ ၅၆၀ ကို ပေါင်းလိုက်ရင် ၁၁၈၂ ဖြစ်တယ်။ ဒါကြောင့် ပါပဲ။

(မဟာစည်ဆရာတော်ကြီး)

(သလ္လေခသုတ်တရားတော်၊ ပ၊ ၉၅)

၅၃။မေး။ ။ "သင်္ကြန်"ဆိုတာ ဘာကိုဆိုလိုပါသလဲ။

ဖြေ။ ။ "သင်္ကြန်"ဆိုတာ သင်္ကြန္တ ဆိုတဲ့ သက္ကတ ဘာသာမှ ဖြစ်လာတဲ့စကားပဲ။ ပြောင်းရွှေ့တယ် လို့ အဓိပ္ပာယ်ရှိပါတယ်။ ဒါကြောင့် နှစ်ဟောင်း မှာ အဆုံးဖြစ်တဲ့ မိန်ရာသီမှ နှစ်သစ်မှာ အစဖြစ် တဲ့ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ဆိုတဲ့ နေဂြိုဟ်

http://www.dhammadownload.com



ကြီးကို ပြောင်းရွှေ့တာကို သင်္ကြန်ကျတယ်လို့ ဆိုပြီး မြန်မာနိုင်ငံမှာ နှစ်သစ်ကူးပွဲ ကျင်းပကြတာပါပဲ။ ဒီသင်္ကြန်ကျတယ်ဆိုတာကို ရှေးက ပုဏ္ဏားတွေက စပြီး တီထွင်ထားတဲ့အတိုင်း ယခုလည်း သင်္ကြန်စာတွေထဲမှာ "သိကြားမင်း ကြီးကနွားကိုစီးပြီး လူ့ပြည်သို့ ဆင်းလာတယ်" စသည်ဖြင့် ဖော်ပြထားကြတယ်။ တကယ်တော့ သိကြားမင်းကြီးက ဆင်းလာတာ မဟုတ်ပါဘူး။ နေဂြိုဟ်ကြီး ပြောင်းရွှေ့တာသာ ဟုတ်ပါတယ်။ အဲဒါလည်း ရှေးက အယူအဆအတိုင်း ပြောရတာပဲ။

ယခုခေတ် သိပ္ပံဆရာတွေရဲ့ အလိုအားဖြင့်ဆိုရင် ကမ္ဘာမြေကြီးလည်နေတာ နှစ်တစ်ပတ်ပြည့်လို့ မူလနေရာသို့ တစ်ဖန် ပြောင်းရွှေ့တယ်လို့တောင် ဆိုရမှာလို ဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ ကူးပြောင်းတယ် ဆိုတာကတော့ မလွဲနိုင်ပါဘူး။ ဒါကြောင့် သင်္ကြန်ဆိုတာ နှစ်သစ်ပြောင်းတာ၊ နှစ်သစ်ကူးတာပဲလို့ မှတ်ရမယ်။

(မဟာစည်ဆရာတော်ကြီး)

(လောကဓံတရားတော်၊ ၁)

၅၄။မေး။ ။ မဟာယာနဝါဒက ဘယ်တုန်းကစပြီး ပေါ်ခဲ့တာပါလဲ။

http://www.dhammadownload.com



ဖြေ။ ။ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် နှစ်ပေါင်း ၃၊ ၄ ရာလောက်ကစပြီး ဖြစ်ပေါ်လာတဲ့ ဝါဒ သစ်၊ တရားသစ်တွေဖြစ်တယ်လို့ စူးစမ်း ဆင်ခြင် တဲ့ ပညာရှိတွေက ယူဆဆုံးဖြတ်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သာသနာတော် နှစ် ၂၃၀ ကျော် တတိယသင်္ဂါယနာခေတ်က အဲဒီလို ဝါဒ မရှိခဲ့သေးကြောင်း ခိုင်လုံတဲ့ အထောက်အထား တွေ ရှိနေတဲ့အတွက်ကြောင့် ပါပဲ။

(မဟာစည်ဆရာတော်ကြီး)

(သီလဝန္တသုတ်တရားတော်၊ ၃၇၅)

၅၅။မေး။ ။ သံဃာအစစ် အတု ဘယ်လိုခွဲခြားရပါမလဲ။

ဖြေ။ ။ လောဘ၊ ဒေါသ၊ မောဟ ကိလေသာကင်း ကြောင်း အကျင့်ဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာ အကျင့်ကို ကောင်းစွာကျင့်တဲ့ သုပ္ပဋိပန္နဂုဏ် စတဲ့ ဂုဏ်တော် ၉ ပါးနဲ့ ပြည့်စုံတဲ့ အရိယာ ပုဂ္ဂိုလ် ၈ ပါးအပေါင်းကို ယုံကြည်သင့်တဲ့ သံဃာအစစ် အမှန်လို့ သိရမယ်။

သီလစသည်ကို ရိုသေစွာကျင့်နေတဲ့ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်လည်း အဲဒီသံဃာထဲမှာ ပါဝင် တယ်။ ဘာကြောင့်လဲဆိုရင် သောတာပတ္တိဖိုလ် ရအောင် ကျင့်နေဆဲဖြစ်တဲ့အတွက် သုပ္ပဋိပန္န ဂုဏ် စသည်နဲ့ ပြည့်စုံနေလို့ပါပဲ။

http://www.dhammadownload.com



သုပ္ပဋိပန္နဂုဏ် စသည်နဲ့ မပြည့်စုံတဲ့ ဘာသာရေး ရှေ့ဆောင် ဆရာအပေါင်းအစုကို အတုအယောင် သံဃာလို့ သိရမယ်။

(မဟာစည်ဆရာတော်ကြီး)

(သီလဝန္တသုတ်၊ ၃၉၃)

၅၆။မေး။ ။ ဘုရားလောင်းမယ်တော်ဟာ ကွယ်လွန်တဲ့အခါ တုသိတာနတ်ပြည်မှာ နတ်သား ဖြစ်တာလား။ နတ်သမီး ဖြစ်တာလား။

ဖြေ။ ။ တချို့ကလည်း နတ်သမီးဖြစ်တာပါလို့ ဆိုကြတယ်။ မာတရံ=အမိဟောပါဠိပုဒ်နဲ့ ဆိုထားလို့တဲ့။ ဒီမာတရံဆိုတဲ့ပုဒ်အတိုင်း ကြည့်မယ်ဆိုရင်တော့လည်း မယ်တော်လို့ပဲ အမိပွာယ်ရတယ် ပေါ့လေ။ နတ်သားလို့တော့ အဓိပ္ပာယ်မပါဘူး။ ဒါပေမဲ့ နတ်သား လို့ ဆိုတာကို အများကသဘောကျကြပါတယ်။

နတ်သမီးမဟုတ်ဘူး ဆိုသူတို့က ဘယ်လိုအကြောင်းပြသလဲဆိုရင် "နတ်သမီးဖြစ်ခဲ့လို့ရှိရင် အဲဒီနတ်သမီးကို နတ်သားတွေက ကာမဂုဏ်နဲ့ ကျူးလွန်ကြဦးမှာပဲတဲ့။ ဒီတော့ မရိုမသေရာကိုရောက်ဦးမှာတဲ့။ ဘုရားရှင်ရဲ့ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်အပေါ်မှာ ဒီလို မရိုသေရင် မသင့်လျော်

http://www.dhammadownload.com



ဘူး” ဆိုပြီး နတ်သမီး မဖြစ်သင့်ကြောင်းကို အကြောင်းပြကြတယ်။

(မဟာစည်ဆရာတော်ကြီး)
(အဘိဓမ္မာတရားတော်၊ ၃၇)

၅၇။မေး။ ။ သောတာပန်က ရတနာသုံးပါးအပေါ် ယုံကြည်ပုံကို ဘယ်ဥပမာနဲ့ သိနိုင်ပါသလဲ။

ဖြေ။ ။ တကယ် တတ်သိကျွမ်းကျင်တဲ့ ဆေးဆရာကြီးရဲ့ဆေးကောင်းကိုသုံးဆောင်ရလို့ အလွန်ပျောက်ခဲတဲ့ရောဂါဆိုးကြီး ပျောက်သွားတာကို ကိုယ်တိုင်တွေ့ရတဲ့သူဟာ အဲဒီဆရာကြီးကို တကယ်တတ်သိကျွမ်းကျင်တဲ့ ဆရာကြီးပဲလို့ တစ်ထစ်ချဆုံးဖြတ်ယုံကြည်လို့ပါပဲ။ ထို့အတူပဲ အဲဒီရောဂါပျောက်တဲ့လူက အဲဒီဆေးကိုလည်း ဆေးစွမ်းကောင်းပဲလို့ တစ်ထစ်ချ ဆုံးဖြတ်ယုံကြည်တယ်။ အဲဒီဆေးသုံးဆောင်တဲ့ အလားတူလူနာတွေလည်း အဲဒီဆေးနဲ့ ရောဂါကင်းနေကြတာ ရှိတယ်လို့ တစ်ထစ်ချ ဆုံးဖြတ်ယုံကြည်တယ်။

အဲဒီလိုပါပဲ သောတာပတ္တိဖိုလ် ရောက်ပြီး တရားသိမြင်တဲ့ပုဂ္ဂိုလ်ဟာ တရားရဲ့ စွမ်းရည်ဂုဏ်ကို ကိုယ်တိုင်တွေ့ပြီး ရတနာသုံးပါးကို ယုံကြည်မှု ခိုင်မြဲသွားတယ်။

(မဟာစည်ဆရာတော်ကြီး)
(သီလဝန္တသုတ်၊ ၁၈၂)

http://www.dhammadownload.com



၅၈။ မေး။ ။ပြဟ္မာ့သန္တာန်က ရုပ်တွေဟာ အအေး၊ အပူ စတဲ့ ဆန့်ကျင်ဘက်အကြောင်းတွေနဲ့ မတွေ့ရတဲ့အတွက် ဖောက်ပြန်ခြင်းမရှိလို့ ရုပ်မည်နိုင်ပါသလား။

ဖြေ။ ။ တကယ် ဖောက်ပြန်ခြင်းမရှိပေမယ့် အအေး၊ အပူ စတဲ့ ဆန့်ကျင်ဘက်နဲ့တွေ့ရင်တော့ ဖောက်ပြန်နိုင်တဲ့သဘောရှိနေတယ်။ အဲဒီလို ဖောက်ပြန်နိုင်တဲ့သဘောကို မကျော်လွန်နိုင်လို့ ရုပ်မည်ပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(သီလဝန္တသုတ်၊ ၈၈)

၅၉။ မေး။ ။ဗုဒ္ဓါနုဿတိ စတဲ့ကမ္မဋ္ဌာန်းတွေလည်း နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းတွေပဲ မဟုတ်ပါလား။

ဖြေ။ ။ ဗုဒ္ဓါနုဿတိ စတဲ့ သမထကမ္မဋ္ဌာန်းတွေက ဝိပဿနာမဂ္ဂင်ပွားစေမှုရဲ့ အခြေခံမျှသာ ဖြစ်ပါတယ်။ ဝိပဿနာမရှုဘဲ အဲဒီသမထဘာဝနာ သက်သက်မျှနဲ့ အရိယမဂ်ဖိုလ်ကို မရောက်နိုင်ပါဘူး။ သမထဘာဝနာရဲ့ အစွမ်းနဲ့ နီဝရဏကင်းနေတဲ့အခါ အဲဒီအခိုက်မှာ ထင်ရှားတဲ့ သမထဘာဝနာ စိတ် စေတသိက်တွေကို ဖြစ်စေ၊ အခြားရုပ်နာမ်ကိုဖြစ်စေ ရှုပြီး အနိစ္စစတဲ့အခြင်းအရာနဲ့

http://www.dhammadownload.com



မှန်စွာသိပါမှ ဝိပဿနာဉာဏ်အစဉ်နဲ့ အရိယ မဂ်ဖိုလ်ကို ရောက်နိုင်ပါတယ်။

(မဟာစည် ဆရာတော်ကြီး)

(သီလဝန္တသုတ်တရားတော်၊ ၃၆၇)

၆၀။မေး။ ။ ရဟန္တာတွေမှာ အကြောင်းမဲ့ လက်ခြေဆော့တာ အမှတ်တမဲ့ ပြောမှားမိတာ ညည်းညူတာတွေ ရှိပါ သလား။

ဖြေ။ ။ ရဟန္တာမှာ သတိပဋ္ဌာန်လေးပါးကို လိုလေသေး မရှိ ပွားစေပြီးဖြစ်တာမို့ အမှတ်တမဲ့ပြုမိတဲ့ ကိုယ် အမူအရာ မရှိဘူး။ ဒါကြောင့် ရဟန္တာတွေမှာ အကြောင်းမဲ့ လက်ခြေဆော့ခြင်း ဆိုတဲ့ ဟတ္ထ ကုက္ကုစ္စ၊ ပါဒကုက္ကုစ္စတွေ ကင်းနေတာပဲ။ အမှတ် တမဲ့ ပြောမှားမိတာလည်း မရှိဘူး။ မရှု မသိနိုင်တဲ့ စိတ်တွေ သဘောတရားတွေဆိုတာလည်း မရှိ ဘူး။ ဒုက္ခဝေဒနာကို မရှုနိုင်လို့ ညည်းညူခြင်း၊ လှုပ်ရှားခြင်းလည်း မရှိဘူးလို့ သိရတယ်။

(မဟာစည်ဆရာတော်ကြီး)

(သီလဝန္တသုတ်တရားတော်၊ ၃၆၇)

၆၁။မေး။ ။ သောတာပန်ဟာ ရုပ်နာမ်တရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ကိုယ်ပိုင်ဉာဏ်နဲ့ သိပြီး ဖြစ်ပါ လျက် ဘာကြောင့် ထပ်ရှုရပါသလဲ။

http://www.dhammadownload.com



ဖြေ။ ။ သိခြင်းကိစ္စ မပြီးစီး၊ မပြည့်စုံသေးလို့ ရှုရပါတယ်။ အဲဒီလိုရှုမှပဲ သကဒါဂါမိ မဂ်ဖိုလ်သို့ ရောက်ပြီး သကဒါဂါမ် ဖြစ်မယ်။ ဒါကြောင့် ရှုရတာပါပဲ။

(မဟာစည်ဆရာတော်ကြီး)

(သီလဝန္တသုတ်တရားတော်၊ ၄၅၈)

၆၂။မေး။ ။ ရဟန္တာမှာတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို သိခြင်းကိစ္စ ပြီးပြီမဟုတ်ပါလား။ ဘာကြောင့် ရှုနေရပါသလဲ။

ဖြေ။ ။ သတိသမ္ပဇဉ် ရှုတိုင်းယှဉ် မျက်မြင်ချမ်းသာသည်။

(မဟာစည်ဆရာတော်ကြီး)

(သီလဝန္တသုတ်တရားတော်၊ ၄၇၅)

၆၃။မေး။ ။ သောတာပန်ဟာ အတ္တဒိဋ္ဌိကို ပယ်ပြီးဖြစ်တဲ့အတွက် အနတ္တသဘောကိုတော့ အပြည့်အစုံသိပြီး ဖြစ်သင့်ပါတယ်။ သို့ပါလျက် ဘာကြောင့် "အနတ္တ"လို့ ရှုရပါသလဲ။

ဖြေ။ ။ အတ္တဒိဋ္ဌိကို ပယ်ပြီးဖြစ်ပေမယ့် "ငါတတ်တယ်၊ ငါသိတယ်၊ ငါမြတ်တယ်"စသည်ဖြင့် တက်ကြွတဲ့ အသ္မိမာနကိုတော့ အကုန်လုံး မပယ်ရသေးဘူး။ မဟုတ်မမှန်တဲ့ ဂုဏ်နဲ့ ထောင်လွှားတဲ့ အယာထာဝမာနကိုသာ ပယ်ရသေးတယ်။ ဟုတ်မှန်တဲ့ဂုဏ်နဲ့ တက်ကြွတဲ့ ယာထာဝမာန ကတော့

http://www.dhammadownload.com



မကင်းသေးဘူး။ အဲဒီမာနကလည်း "ငါ တတ်တယ်၊ ငါ မြတ်တယ်" စသည်နဲ့ဖြစ်လို့ ဒိဋ္ဌိ ဖြစ်ပုံနဲ့ခပ်တူတူပဲ။ ဒါကြောင့် အဲဒီမာနကို ဒိဋ္ဌိမာနလို့လည်း ခေါ်တယ်။ အဲဒီ အသ္မိ မာနကို ပယ်ဖို့ရာ အနတ္တလို့လည်း ရှုရတယ်လို့ ယူရမယ်။

(မဟာစည်ဆရာတော်ကြီး)

(သီလဝန္တ သုတ်တရားတော်၊ ၄၅၈)

၆၄။မေး။ ။ မြတ်စွာဘုရားကို အလွန်လေးစားကြည်ညိုနေပါလျက် ပုထုဇဉ်ဟာ ဘုရားရဲ့သားတော်စစ်၊ သမီးတော်စစ် ဘာကြောင့် မဖြစ်ပါသလဲ။

ဖြေ။ ။ ပုထုဇဉ်ဆိုတာ ဆရာများတယ်။ ယခု ဘုရား စစ်၊ ဘုရားမှန်ကို ယုံကြည်ကိုးကွယ်နေပေမယ့် နောင်တစ်ချိန်မှာ ဘုရားတုတွေ ဂိုဏ်းဆရာတွေကို ယုံကြည်ကိုးကွယ်သွားတာလည်း ရှိနိုင်တယ်။ ယခုဘဝမှာ မပြောင်းလဲပေမယ့် နောက် နောက်ဘဝတွေကျတော့ ပြောင်းလဲသွားနိုင်သေးတယ်။ ဒါကြောင့်ပါပဲ။

(မဟာစည် ဆရာတော်ကြီး)

(သီလဝန္တ သုတ်တရားတော်၊ ၂၄၀)

၆၅။မေး။ ။ ရဟန္တာဖြစ်ပြီးရင် ဘာမှလုပ်စရာ မရှိတဲ့အတွက် ဘာမှမလုပ်ဘဲ အငြိမ်းစားနေရတာ မဟုတ်ပါလား။

http://www.dhammadownload.com



ဖြေ။ ။ ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တွေလိုပဲ ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စ စသည်ဖြင့် ရှုနေပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(သီလဝန္တသုတ်တရားတော်၊ ၄၇၂)

၆၆။မေး။ ။ ပုထုဇဉ်နဲ့ အရိယာမှာ စဖြစ်တဲ့ ဝိပဿနာဉာဏ် ချင်း တူကြပါသလား။

ဖြေ။ ။ ဝိပဿနာရှုရင် ပုထုဇဉ်မှာ နာမရူပ ပရိစ္ဆေဒ ဉာဏ်က စပြီးဖြစ်ပေါ်တယ်။ အရိယာမှာ ဥဒယဗ္ဗယ ဉာဏ်က စပြီးဖြစ်ပေါ်တယ်။

(မဟာစည် ဆရာတော်ကြီး)

(ဝိပဿနာရှုနည်းအကျဉ်းချုပ်၊ ၇၆)

၆၇။မေး။ ။ မဂ်ဖိုလ်ရောက်ပြီးရင် စိတ်နေစိတ်ထား ပြောင်း လဲသွားပါသလား။

ဖြေ။ ။ မဂ်ဖိုလ်သို့ ရောက်ပြီးသူရဲ့ စိတ်နေစိတ်ထားဟာ ရှေးကနဲ့မတူဘဲ ထူးခြားတယ်။ ဘဝအသစ်ပြောင်း လာသလိုလည်း ထင်ရတတ်တယ်။ ယုံကြည်မှု၊ ကြည်လင်မှုသဒ္ဓါ အလွန်ထက်သန်စွာ ဖြစ်တတ် တယ်။ အဲဒီသဒ္ဓါရဲ့အဟုန်ကြောင့် ပီတိ၊ ပဿဒ္ဓိ တွေလည်း လွန်ကဲစွာ ဖြစ်တတ်တယ်။ ဝမ်းသာ မှုသုခလည်း အလိုလိုပဲ ဖြစ်ပေါ်လာတတ်တယ်။

(မဟာစည်ဆရာတော်ကြီး)

(ဝိပဿနာရှုနည်းအကျဉ်းချုပ်၊ ၇၆)

http://www.dhammadownload.com



၆၈။မေး။ ။ ရက်ချုပ်မှတ်တမ်း (ဇာတာ)မှာ "ရတနာသုံးပါး ဦးထိပ်ထား၍ မာတာမိခင် ဖွားသန့်စင်သည်" စသည်ဖြင့် ရေးမှတ်တာဟာ ဘာကို ရည်ရွယ်တာပါလဲ။

ဖြေ။ ။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်နေတဲ့ ဗုဒ္ဓသာသနာဝင် မိခင်ဆိုရင် မိမိဝမ်းထဲကသူငယ်လည်း သူတော်ကောင်းတရား အရှိန်အဝါ ရပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဥပုသ်သီတင်းသီလတွေကို အထူးဆောက်တည်ပြီး သူတော်ကောင်းတရားတွေ ပွားများခဲ့တယ်။ ဘုရား၊ တရား၊ သံဃာရဲ့ ဂုဏ်ကျေးဇူးတွေကို တတ်သိသမျှ နှလုံးသွင်းခဲ့တယ်။ အဲဒီလို ပြုကျင့်ပုံတွေကို ရည်ရွယ်ပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ဒု၊ ၁၀၄)

၆၉။မေး။ ။ နောက်ဘဝ၊ ရှေ့ဘဝ ရှိတာကို သက်သေအထောက်အထားနဲ့ ပြနိုင်ပါသလား။

ဖြေ။ ။ ပြတန်သလောက်တော့ ပြနိုင်ပါတယ်။ ပြတဲ့သူက ပြပေမယ့် ကြည့်တဲ့သူမှာ ဉာဏ်မျက်စိ ရှိဖို့လည်း လိုပါတယ်။ ဥပမာ ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲတွေပြရာမှာ မျက်စိရှိတဲ့သူတွေမှသာ မြင်နိုင်သလိုပါပဲ။

http://www.dhammadownload.com



အဘိညာဉ်မျက်စိ၊ ဝိပဿနာမျက်စိ၊ အနုမာန ဉာဏ်မျက်စိဆိုတဲ့ မျက်စိရှိဖို့လိုပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ဒု၊ ၁၀၆)

၇၀။မေး။ ။ ပဋိစ္စသမုပ္ပါဒ် (သံသရာ)စက်ကြီး မလည်အောင် လုပ်ချင်ရင် ဘယ်လိုလုပ်ရပါမလဲ။

ဖြေ။ ။ "ဝေဒနာ ပစ္စယာ တဏှာ"ဆိုတဲ့ ချုပ်စပ်သော့ချက်ကနေပြီး ဖြုတ်လိုက် ဖြတ်လိုက်တဲ့နည်း ပါပဲ။ ဒါကြောင့် သံသရာစက်ကြီး မလည်စေချင်ရင် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်း၊ စိတ်ကူးစဉ်းစားကြံစည်တိုင်း ဝေဒနာက ဆက်ပြီး တဏှာမဖြစ်အောင် ရှုရတယ်။

(မဟာစည်ဆရာတော်ကြီး)

(ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ဒု၊ ၆၁)

၇၁။မေး။ ။ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက် စသည်တွေကို သတ်ပြီး နတ်အရှင်ကြီး၊ ဘုရားသခင်ဆိုတာတွေကို ပူဇော်ပသလိုက်ရင် ကောင်းမှုကုသိုလ် ဖြစ်ပါသလား။

ဖြေ။ ။ အသတ်ခံရတဲ့ သတ္တဝါတွေဘက်က ကြည့်ရင် အပြစ်ကင်းတယ်လို့ ဘယ်နည်းနဲ့မှ မဆိုနိုင်ပါဘူး။ အပြစ်မကင်းဘူးဆိုတာ ဟုတ်၊ မဟုတ် အတိအကျ ဆုံးဖြတ်ချင်ရင် မိမိကိုယ်တိုင်က

http://www.dhammadownload.com



အသတ်ခံရမယ့်သူအဖြစ်နဲ့ နေပြီး လေးလေး နက်နက် စဉ်းစားကြည့်ပါ။ အပြစ်မကင်းကြောင်း ထင်ရှားပါလိမ့်မယ်။ အပြစ်မကင်းရင် ကုသိုလ်လို့ ထင်ပေမယ့် ကုသိုလ် မဟုတ်ဘူး။ အကုသိုလ်ပဲ ဖြစ်နေပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ဒု၊ ၁၆၄)

၇၂။မေး။ ။ ဒုက္ခဝေဒနာတွေကို များစွာခံစားရပြီး မသေမရှင် ဖြစ်နေတဲ့သူကို မြန်မြန်သေအောင် လုပ်ပေးရင် ကုသိုလ်ဖြစ်ပါသလား။

ဖြေ။ ။ ဒုက္ခခံနေရတဲ့သူက ဆင်းရဲလို့သာ အလိုမရှိတာပဲ။ သေတော့ သေချင်လှမယ် မဟုတ်ပေဘူး။ ဒါကြောင့် အဲဒါလည်း အပြစ်မကင်းဘူး။ အပြစ်မကင်းရင် ကုသိုလ် မဟုတ်ဘူး။ အကုသိုလ်ပဲ ဖြစ်တယ်။

(မဟာစည်ဆရာတော်ကြီး)

(ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ဒု၊ ၁၆၃)

၇၃။မေး။ ။ ဒုက္ခခံနေရတဲ့သူက သေချင်ပါတယ်ဆိုလို့ သေအောင်လုပ်ပေးရင် အပြစ်ရှိပါသလား။

ဖြေ။ ။ ဒုက္ခခံနေရတဲ့သူက သေချင်ပါတယ်လို့ ဆိုသည့်တိုင်အောင် ဗုဒ္ဓတရားတော်အရ ဆိုရင်တော့ သေအောင်လုပ်တာဟာ အပြစ်ရှိတာချည်းပါပဲ။

http://www.dhammadownload.com



ဘယ်လောက်အပြစ်ရှိသလဲဆိုရင် အမိ အဖ ဖြစ်တဲ့သူကို မြန်မြန်သေအောင် ကိုယ်တိုင်ပြုရင် ဖြစ်စေ၊ သူတစ်ပါးကို ပြုခိုင်းရင် ဖြစ်စေ၊ နည်းပေးလမ်းပြ ပြုပေးရင်ဖြစ်စေ အဲဒီလို့လပယောဂကြောင့် သေချိန်မကျသေးဘဲ အမိ အဖဖြစ်သူ သေဆုံးသွားရင် မာတုဃာတကကံ၊ ပိတုဃာတကကံ ထိုက်တယ်။ သေသည်ရဲ့ အခြားမဲ့မှာ ငရဲကို ကျစေနိုင်တဲ့ ကံကြီးပဲ။ အာနန္တရိယကံလို့ ခေါ်တယ်။ ဒီလို ကံကြီးထိုက်သည်အထိ အပြစ်ကြီးတယ်။

(မဟာစည်ဆရာတော်ကြီး)
(ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ဒု၊ ၁၆၃)

၇၄။မေး။ ။ “ပူဇော်ပသဖို့ အသတ်ခံရတဲ့သတ္တဝါတွေလည်း မနစ်နာပါဘူး။ သူတို့လည်း ကောင်းကင်ဘုံ ရောက်သွားကြတယ်” လို့ ဆင်ခြေပေးကြပါတယ်။ အဲဒါ ဟုတ်ပါသလား။

ဖြေ။ ။ အဲဒီလို ဆင်ခြေပေးတဲ့သူတွေဟာ အဲဒီအတိုင်း ယုံကြည်လို့ရှိရင် မိမိတို့အချစ်ဆုံးဖြစ်တဲ့ သားမယားတွေကို သတ်ပြီး ပူဇော်ပါတော့လား။ ကိုယ်တိုင် အသတ်ခံပြီး ပူဇော်ပါစေတော့လား။ ကောင်းကင်ဘုံကို မရောက်ချင်သေးလို့ ဆိုင်းငံ့နေတာလား စသည်ဖြင့် မယုံကြည်သူတွေက

http://www.dhammadownload.com



မေးစရာ ရှိပါတယ်။ အဲဒီအမေးကို ပညာရှိများ ကျေနပ်လောက်အောင် ဖြေရှင်းနိုင်ဖွယ် မရှိပါဘူး။ ကိုယ် ချစ်တဲ့ သားမယားကိုဖြစ်စေ၊ မိမိကိုယ်တိုင် ကိုဖြစ်စေ သူတစ်ပါးက သတ်ပြီး ပူဇော်မယ် ဆိုရင် အဲဒီလို ဆင်ခြေပေးတဲ့သူတွေဟာ လက်ခံ နိုင်မယ် မဟုတ်ပါဘူး။ ဒါကြောင့် သတ်တယ် ဆိုတာ သတ်တဲ့သူဘက်က ဘယ်လိုပဲ ဆင်ခြေ ပေးနေပေမယ့် အသတ်ခံရတဲ့သူဘက်ကတော့ ကျေနပ်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဘာသာရေး အရ ကျွဲ၊ နွား စသည်ကို သတ်ပြီး ပူဇော်တာလည်း အပြစ်မကင်းဘူးလို့ ဆိုရမှာပဲ။ အပြစ်မကင်းရင် ကုသိုလ်လို့ ထင်ပေမယ့် ကုသိုလ် မဟုတ်ဘူး။ အကုသိုလ်ပဲ ဖြစ်နေပါတယ်။

(မဟာစည်ဆရာတော်ကြီး)

(ပဋိစ္စသမုပ္ပါဒ်တရားတော်၊ ၃၊ ၁၆၄)

၇၅။မေး။ ။ ရုပ်ပွားတော်၊ ဆင်းတုတော်တွေက စေတီ ၄ မျိုး ထဲက ဘာစေတီပါလဲ။

ဖြေ။ ။ ဥဒ္ဒိဿဆိုတဲ့ပါဠိဟာ ရည်စူးအပ်၊ ရည်မှန်းအပ် တဲ့ အရာဝတ္ထုကို ဟောပါတယ်။ ဒါကြောင့် သက်တော်ထင်ရှား မြတ်ဘုရားကို ရည်မှန်းပြီး ဘုရားရှင်ပုံဟန်တော်ရဲ့ အတုပြုလုပ်အပ်တဲ့ ရုပ် တော်မှုပုံ၊ ထိုင်တော်မူပုံ၊ လျောင်းတော်မူပုံကို

http://www.dhammadownload.com



ဥဒ္ဒိဿစေတီလို့ မှတ်ပါ။ အဲဒီဥဒ္ဒိဿစေတီတော်တွေကို ရုပ်ပွားတော်၊ ဆင်းတုတော်လို့လည်း အမည်ပေးကြတယ်။ ဘုရားရှင်ရဲ့ ရုပ်ပုံတော်ကို အတုပွားပြီး ထားလို့ "ရုပ်ပွားတော်"လို့ ဘုရားရှင်ရဲ့ အဆင်းသဏ္ဌာန်တော်ကို အတုပြုထားလို့ "ဆင်းတုတော်"လို့ အမည်ပေးခြင်း ဖြစ်ပါတယ်။ ရုပ်ပွားတော်၊ ဆင်းတုတော် မပါဘဲ စိတ်ထဲမှာ မှန်းပြီး အာရုံပြုအပ်တဲ့ ပုံတော်ကိုလည်း "ဥဒ္ဒိဿစေတီတော်"လို့ ခေါ်နိုင်ပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
(ရတနာ့ဂုဏ်ရည်၊ ၁၉)

၇၆။မေး။ ။ ရွှေတိဂုံ စတဲ့ အုတ်သားစေတီတော်၊ သဲပုံစေတီတော်တွေက ဘာစေတီအမျိုးအစားပါလဲ။

ဖြေ။ ။ ဘုရားရှင်ရဲ့ အသုံးအဆောင်ကို ပါဠိလို "ပရိဘောဂ" လို့ခေါ်ပါတယ်။ ဒါကြောင့် ဓာတ်တော်ဌာပနာထားတဲ့ အုတ်သားစေတီတော်၊ ရုပ်ပွားတော် ကိန်းဝပ်ရာဖြစ်တဲ့ ပြာသာဒ်စသည် ဗောဓိပင် ဘုရားရှင်ရဲ့ အသုံးအဆောင်ဖြစ်တဲ့ သင်္ကန်း၊ သပိတ်တော်တွေကို "ပရိဘောဂ စေတီတော်"လို့ မှတ်ပါ။

(မဟာဂန္ဓာရုံ ဆရာတော်ကြီး)
(ရတနာ့ဂုဏ်ရည်၊ ၁၉)

http://www.dhammadownload.com



၇၇။မေး။ ။ ဓာတ်တော်တွေ၊ စေတီပုထိုးတော်တွေကို ဖူးမြော်ရတဲ့အခါ စိတ်က ဘာကို အာရုံပြုရမှာပါလဲ။

ဖြေ။ ။ ဓာတ်တော်၊ စေတီတော်လောက်တွင် စိတ် မထားဘဲ မိဘဘိုးဘွားရဲ့ အရိုးနဲ့ အရိုးအိုးကို မြင်ရတဲ့အခါ မိဘဘိုးဘွားများလည်း ထင်ယောင်မြင်ယောင် ဖြစ်လာသလို သက်တော်ထင်ရှား မြတ်ဘုရားကို ထင်မြင်အောင် ဖူးမြော်ကြရပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၁၈)

၇၈။မေး။ ။ ဘုရားရှင်ရဲ့ ပါရမီကုသိုလ်တွေများပုံကို ကျမ်းဂန်မှာ ဘယ်လိုဆိုထားပါသလဲ။

ဖြေ။ ။ ကမ္ဘာလောကမှာ ရှိသမျှသတ္တဝါအပေါင်းရဲ့ ကောင်းမှုပါရမီတွေကို စုပေါင်းပြီး အဆ ၁၀၀ မြှောက်ပြီး တစ်ဆူသောဘုရားရှင်ရဲ့ ပါရမီကုသိုလ်နဲ့ နှိုင်းယှဉ်ရင် ဘုရားရှင်တစ်ဆူရဲ့ ကုသိုလ်ကောင်းမှုတော်ကပဲ သာလွန်ဖွယ်ရှိတယ်လို့ ကျမ်းဂန်တွေမှာ ဆိုတယ်။ အဲဒီလောက်များပြားတဲ့ ပါရမီတော်တွေကို လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး စုဆောင်းတော်မူခဲ့လို့ "ဤရွေ့ ဤမျှ၊ မည်ရွေ့ မည်မျှ ရှိတယ်"

http://www.dhammadownload.com



လို့ ပါရမီတော်တွေကို ရေတွက်လို့ မရနိုင်တော့ပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၂)

၇၉။မေး။ ။ ဘုရားရှင်ရဲ့ အရပ်တော်ဟာ ဘယ်လောက်မြင့်ပါသလဲ။

ဖြေ။ ။ ဘုရားရှင်ရဲ့အရပ်တော်ကို ဗုဒ္ဓဝင်ပါဠိတော်ကြီးမှာ "၁၆ တောင်"လို့ ဆိုတယ်။ များစွာသော အဋ္ဌကထာတွေမှာ "၁၈ တောင်"လို့ ဆိုတယ်။ သုတ်မဟာဝါဋီကာမှာ "၁၂ တောင် မြင့်တယ်"လို့ အပရေဝါဒ ရှိတယ်။ "မြတ်စွာဘုရားရဲ့ အရပ်တော်ဟာ ပကတိလူများထက် ထူးခြားစွာ မြင့်တော်မမူ"လို့ပဲယူလိုပါတယ်။ ကျေးဇူးရှင်ဆရာတော်တွေလည်း အဲဒီအတိုင်း ယူကြပါတယ်။

ဘုရားရှင်ဟာ ဝါဝင်းတဲ့ အဆင်းတော်ရှိတယ်။ ကိုယ်တော်မြတ်ရဲ့ ဝါဝင်းတဲ့ အရောင်တော်ဟာ ထက်ဝန်းကျင်နဲ့တကွ အထက်သို့ တက်နေရောမှောင်တဲ့အရပ်မှာ ၁၈ တောင်၊ ၁၆ တောင်ခန့်မှာ ရှိတယ်လို့ ထင်ရတယ်။ ဒါကြောင့် ပါဠိတော်နဲ့ အဋ္ဌကထာတွေမှာ အထက်သို့ အမြဲတက်နေတဲ့ ကိုယ်အရောင်တော်နဲ့တကွ မှန်းဆရေတွက်

http://www.dhammadownload.com



ပြီး ၁၈ တောင်၊ ၁၆ တောင်မြင့်ကြောင်းကို မိန့်ဆိုကြဟန်တူတယ်လို့ မိမိသဘောမှာ ထင်မိပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၈၁)

၈၀။မေး။ ။ "ဥဏ္ဏာလုံမွေးရှင်တော်"ဆိုတာ ဘယ်လိုဟာပါလဲ။

ဖြေ။ ။ ဥဏ္ဏာလောမဆိုတဲ့ပါဠိကို မြန်မာလို "ဥဏ္ဏာလုံ" လို့ ပြန်ဆိုကြတယ်။ အဲဒီအမွေးတော်ဟာ မျက်ခုံးတော်၂သွယ်ရဲ့ အလယ်ဗဟိုဝယ် နှာခေါင်းတော်ရဲ့ အဆုံးအထက်မှာ ပေါက်ပြီး အထက်သို့ တက်ကာ နဖူးအလယ်မှာ လဲဝါဠွမ်းအစလို အလွန်ဖွေးဖွေးဖြူလျက် တင့်တယ်တော်မူတယ်။ ဆွဲပြီး ဆန့်လိုက်တဲ့အခါ လက်ယာရစ်လည်ကာ လုံးသွားပြီး အထက်သို့ အဖျားလှည့်လျက် တည်တော်မူလို့ အသက်ရှင်နေသလို ထင်ရတယ်။ ဒါကြောင့် "ဥဏ္ဏာလုံ မွေးရှင်တော်"လို့ ခေါ်စမှတ် ပြုကြတယ်။ ရွှေအဆင်းရှိတဲ့ နဖူးတော်အပြင်မှာ တည်လို့ နံနက်စောစောမှာ အရုဏ်ရောင်ဖြာခိုက် သောကြာကြယ်လို လွန်စွာ တင့်တယ်တော်မူပါသတဲ့။

(မဟာဂန္ဓာရုံဆရာတော်)

(ရတနာ့ဂုဏ်ရည်၊ ၃၈၆)

http://www.dhammadownload.com



၈၁။မေး။ ။ "ကေတုမာလာရောင်"ဆိုတာ ဘယ်လိုဟာပါလဲ။
ဖြေ။ ။ ဦးခေါင်းတော်မှ ထွက်ပြီး အထက်ဦးထိပ်မှာ အစု ဖြစ်လျက် ထင်လင်းနေတဲ့ အရောင်ကို "ကေတု မာလာရောင်"လို့ ခေါ်ကြပါတယ်။ အဲဒီ အရောင် တော်လိုပုံသဏ္ဍာန်ပေါ်အောင် ယခုခေတ် ဆင်းတု တော်တွေရဲ့ ဦးထိပ်မှာ စုနေတဲ့ အရောင်ပုံကို ထု လုပ်ကြတယ်။ ဒါပေမဲ့ အဲဒီအရောင်ပုံဟာ များ သောအားဖြင့် ဆံပင်တော်အရောင်လို ညိုမှောင်နေ လို့ တချို့က "သျှောင်ပုံ၊ သျှောင်ထုံးပုံ"လို့ ထင် မှားကြတယ်။ အဲဒီလို မထင်မှားရအောင် ဦးထိပ် တော် မှာ အရောင်အဝါစုနေပုံလို ပြနိုင်ရင် သာပြီး သဘာဝကျပါလိမ့်မယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
(ရတနာ့ဂုဏ်ရည်၊ ၄၀၇)

၈၂။မေး။ ။ အာဇီဝဋ္ဌမကသီလက ဘယ်လိုသီလပါလဲ။
ဖြေ။ ။ အသက်မွေးဝမ်းကျောင်းအတွက် ပစ္စည်းဉစ္စာ ရှာဖွေရတဲ့ အလုပ်အကိုင် အရောင်းအဝယ်ဟူသမျှ ကို ပါဠိလို "အာဇီဝ"လို့ ခေါ်ပါတယ်။ မတရား တဲ့ ပစ္စည်းရှာဖွေမှုကို "မိစ္ဆာဇီဝ"လို့ ခေါ်တယ်။ အဲဒီမိစ္ဆာဇီဝမှ ရှောင်ကြဉ်လျက် တရားသဖြင့် ပစ္စည်းရအောင် ရှာဖွေမှုကို "သမ္မာအာဇီဝ"လို့

http://www.dhammadownload.com



ခေါ်တယ်။ ၈ ပါးမြောက် သိက္ခာပုဒ်တော်ကို ပါဠိလို "အဋ္ဌမ"လို့ ခေါ်တယ်။ ပါဏာတိပါတာ ဝေရမဏိမှ စပြီး ရေတွက်ရင် မိစ္ဆာဇီဝါ ဝေရမဏီ ဟာ ၈ ပါးမြောက် သိက္ခာပုဒ်ပဲ။ ဒါကြောင့် မိစ္ဆာ ဇီဝမှ ရှောင်ကြဉ်မှုလျှင် ၈ ပါးမြောက်ရှိတဲ့ သီလကို "အာဇီဝဋ္ဌမ ကသီလ"လို့ခေါ်တယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၂၅၄)

၈၃။မေး။ ။ အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံကို ပါဠိတော်နဲ့ အဋ္ဌကထာတွေမှာ တိုက်ရိုက်ပြထားပါသလား။

ဖြေ။ ။ တိုက်ရိုက် မပြကြပါ။ ငါးပါးသီလ စသည် ဆောက်တည်ပုံကို နည်းယူပြီး ရှေးပညာရှိတွေ ဆောက်တည်ပုံကို ပြထားကြပါတယ်။ "ပါဏာ-တိပါတာ ပဋိဝိရမာမိ"စသည်ဖြင့်လည်း ဆောက်တည်နိုင်ပါတယ်။ အဲဒီသိက္ခာပုဒ် ၈ ပါးထဲမှာ ၁ နံပါတ်ကစပြီး ၇ နံပါတ်အထိ သိက္ခာပုဒ်တွေဟာ သုစရိုက် ၁၀ ပါးထဲက ကာယကံ ၃ ပါးနဲ့ ဝစီကံ ၄ ပါးပါပဲ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၂၅၄)

၈၄။မေး။ ။ အာဇီဝဋ္ဌမကသီလကို ဆောက်တည်မှ လုံခြုံတာပါလား။

http://www.dhammadownload.com



ဖြေ။ ။ သုစရိုက် ၁၀ ပါးထဲက ကာယကံ ၃ ပါးနဲ့ ဝစီကံ ၄ ပါး။ အဲဒီ ၇ ပါး လုံခြုံပြီးတဲ့ သူတော်ကောင်းမှာ အသက်မွေးဝမ်းကျောင်းနဲ့ ဆိုင်တဲ့ အရောင်အဝယ် အလုပ်အကိုင်များလည်း စင်ကြယ်ရင် အာဇီဝဋ္ဌမက သီလ ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ အမြဲလုံခြုံနေပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၂၅၅)

၈၅။မေး။ ။ အာဇီဝဋ္ဌမကသီလကို မဆောက်တည်ဘဲ လွန်ကျူးမိရင် အပြစ်ရှိပါသလား။

ဖြေ။ ။ ငါးပါးသီလလို ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ၊ လွန်ကျူးရင် အပြစ်ရှိသလို အာဇီဝဋ္ဌမကသီလကိုလည်း ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ၊ လွန်ကျူးမိရင် အပြစ်ရှိတယ်။

(မဟာဂန္ဓာရုံ ဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၂၅၅)

၈၆။မေး။ ။ အာဇီဝဋ္ဌမကသီလ မလုံခြုံဘဲ မဂ်ဖိုလ်ကို ရနိုင်ပါသလား။

ဖြေ။ ။ ငါးပါးသီလဟာ သူတော်ကောင်းတို့ အမြဲစောင့်ထိန်းရမယ့် ကိုယ်ကျင့်သီလဖြစ်သလို အာဇီဝဋ္ဌ

http://www.dhammadownload.com



မက သီလလည်း အထက်တန်းသူတော်စင်တို့ အမြဲထိန်းရမယ့် ကိုယ်ကျင့်သီလ ဖြစ်တယ်။ ဒီအာဇီဝဋ္ဌမကသီလကို ကျမ်းဂန်မှာ အာဒိ ဗြဟ္မစရိယ သီလလို့လည်း ခေါ်သေးတယ်။ [ဗြဟ္မစရိယ=မဂ္ဂဗြဟ္မစရိယရဲ့+အာဒိ=အစ ဖြစ်တဲ့ သီလ]

ဒီအာဇီဝဋ္ဌမကသီလ လုံခြုံမှ မဂ်ဖိုလ်ကို ရနိုင်တယ်။ မလုံခြုံရင် မဂ်ဖိုလ် မရနိုင်။ ဒါကြောင့် "ဒီအာဇီဝဋ္ဌမကသီလဟာ မဂ်ဆိုတဲ့ အကျင့်မြတ်ရဲ့ အစ အခြေခံသီလ ဖြစ်တယ်"လို့ မှတ်ပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၂၅၅)

၈၇။မေး။ ။ ရဟန်းတွေထံ သီလမတောင်းဘဲ မိမိဘာသာ အာဇီဝဋ္ဌမကသီလ ကို ဆောက်တည်ရင် ဘယ်လို ဆောက်တည်ရမှာပါလဲ။

ဖြေ။ ။ ။ မိမိဘာသာ ရုပ်ပွားတော် စေတီတော်ရှေ့ဝယ် ဆောက်တည်ရာမှာ "အဟံ ဘန္တေ"စတဲ့ သီလ တောင်းတွေကို ဆိုဖွယ် မလိုပါ။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"က စပြီး "မိစ္ဆာဇီဝါ ဝေရမဏီ" တိုင်အောင် ဆိုပါ။ ငါးပါးသီလ၊ ရှစ်ပါးသီလတစ်မျိုးမျိုးကို ဆောက်တည်ပြီးမှ ဒီအာဇီဝဋ္ဌမကသီလကို ဆက်ပြီး ဆောက်တည်ရာမှာတော့ မုသာဝါဒါ ဝေရ

http://www.dhammadownload.com



မဏိ တိုင်အောင် ရှေ့သီလများမှာ ပါဝင်ပြီး ဖြစ်လို့ နောက်ထပ် ဆိုဖွယ်မလို။ "ပိသုဏာဝါစာ ဝေရမဏိ"က စပြီး နောက်သိက္ခာပုဒ် ၄ ပါး ကိုသာ ဆက်ပြီး ဆိုရပါတယ်။

(မဟာဂန္ဓာရုံ ဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၂၅၃)

၈၈။မေး။ ။ အာဇီဝဋ္ဌမကသီလကို တစ်ကြိမ်လောက် ဆောက်တည်ပြီးဖြစ်ရင် နေ့စဉ် ဆောက်တည်ဖွယ် လိုပါသလား။

ဖြေ။ ။ အသက်မွေး စင်ကြယ်နေသမျှ ပိသုဏာဝါစာစသည်ကို မပြောဆိုသမျှ သီလမပျက်လို့ နေ့စဉ် ဆောက်တည်ဖွယ် မလိုပါ။ အခြားသော ၅ ပါး၊ ၈ ပါးသီလတွေလည်း မကျိုးမပျက်သမျှ ထပ်ပြီး ဆောက်တည်ဖွယ် မလိုပါ။ ဒါပေမဲ့ ထပ်ပြီး ဆောက်တည်လို့တော့ အပြစ်မရှိပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၂၅၄)

၈၉။မေး။ ။ အောက်ပါပုဂ္ဂိုလ်တွေမှာ မိစ္ဆာဇီဝဖြစ်ပါသလား။

၁။ ဘုံဆိုင်တည်သူ

၂။ ပြည့်တန်ဆာများကို မွေးပြီး ခေါင်းလုပ်သူ

http://www.dhammadownload.com



၃။ မြင်းလောင်း, နွားလောင်းပြီး ပစ္စည်း ရှာသူ
၄။ ကျွဲတိုက်, ဖဲရိုက်ပြီး ပစ္စည်းရှာသူ
၅။ စီးပွားတူဖြစ်တဲ့ ညီအစ်ကို မောင်နှမတွေရဲ့ မိစ္ဆာဇီဝကို ဝမ်းမြောက်သဘောတူသူ

ဖြေ။ ။ မိစ္ဆာဇီဝ ဖြစ်ပါတယ်။

(မဟာဂန္ဓာရုံ ဆရာတော်ကြီး)
(ရတနာ့ဂုဏ်ရည်၊ ၂၅၇)

၉၀။မေး။ ။ သမ္မာအာဇီဝ ဘယ်နှမျိုး ရှိပါသလဲ။

ဖြေ။ ။ သုတ္တန်ပါဠိတော်မှာ လာတဲ့ သမ္မာအာဇီဝနဲ့ အဘိဓမ္မာပါဠိတော်မှာ လာတဲ့ သမ္မာအာဇီဝလို့ ၂ မျိုး ရှိပါတယ်။

တရားသဖြင့်ရတဲ့ ပစ္စည်းတွေကို စားသောက်သုံးစွဲတာ၊ တရားလမ်းအတိုင်း ပစ္စည်းရှာဖွေတာဟာ သုတ္တန် သမ္မာအာဇီဝ မည်တယ်။

မတရားသဖြင့် ပစ္စည်းရဖို့ အခွင့်ကြုံလာရင် အဲဒီပစ္စည်းရမယ့် လုပ်ငန်းကို မလုပ်ဘဲ ရှောင်ကြဉ်နေတာဟာ အဘိဓမ္မာ သမ္မာအာဇီဝ မည်တယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
(ရတနာ့ဂုဏ်ရည်၊ ၂၅၈)

၉၁။ မေး။ ။မတရားသဖြင့် ရခဲ့တဲ့ပစ္စည်းဥစ္စာကို သုံးစွဲနေရင် ဘယ်သမ္မာအာဇီဝ ဖြစ်နိုင်ပါသေးသလဲ။

http://www.dhammadownload.com



ဖြေ။ ။ သုတ္တန်အလို မိစ္ဆာဇီဝ ဖြစ်ပေမယ့် နောက်ထပ် တွေ့ကြုံတဲ့ မတရားပစ္စည်းရှာမှုကို ရှောင်ကြဉ် နိုင်ရင် အဘိဓမ္မာ သမ္မာအာဇီဝ ဖြစ်နိုင်ပါသေး တယ်။

မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၂၅၈)

၉၂။ မေး။ ။ မိစ္ဆာဇီဝနဲ့ ရထားတဲ့ ပစ္စည်းတွေကို လှူဒါန်းရင် အကျိုးမရ ဖြစ်ပါသလား။

ဖြေ။ ။ အကျိုးမရလို့ မမှတ်ရပါ။ ထိုက်တန်သမျှ အကျိုး ရတာပါပဲ။ ဒါပေမဲ့ တရားသဖြင့် ရတဲ့ ပစ္စည်းတွေ လောက်တော့ အကျိုးပေး မထက်သန်လှ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၂၅၉)

၉၃။ မေး။ ။ ၉ ပါးသီလမှာ မေတ္တာဟာ သိက္ခာပုဒ် ဟုတ်ပါ သလား။

ဖြေ။ ။ ပါဏာတိပါတ စတဲ့ သိက္ခာပုဒ်တွေလို မေတ္တာဟာ သိက္ခာပုဒ်တစ်ပါး မဟုတ်ပါ။ "ပါဏာတိပါတမှ ရှောင်ကြဉ်ပါ၏" လို့ဆောက်တည်ရာမှာ တစ်နေ့ လုံး ရှောင်ကြဉ်နိုင်သလို "မေတ္တာဖြင့် နေပါမည်" လို့ ဆောက်တည်သူဟာ တစ်နေ့လုံး မေတ္တာစိတ် နဲ့ မနေနိုင်။ ဒါကြောင့် မေတ္တာဟာ သိက္ခာပုဒ် မဟုတ်ပါ။ ဒါပေမဲ့ မေတ္တာကို အမွှန်းတင်လျက်

http://www.dhammadownload.com



စောင့်အပ်တဲ့ ဥပုသ်ဟာ ရိုးရိုးဥပုသ်ထက်အကျိုး
များလို့ မေတ္တာနဲ့တကွသော ၉ ပါးသီလကို ဘုရား
လက်ထက်တော်မှာပင် အချို့ စောင့်သုံးကြပါ
တယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
(ရတနာ့ဂုဏ်ရည်၊ ၂၆၁)

၉၄။မေး။ ။ ၉ ပါးသီလမှာ မေတ္တာအတွက် ဆောက်တည်ပုံ
က ဘယ်လိုပါလဲ။

ဖြေ။ ။ ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာ
ဝန္တံ လောကံ ဖရိတွာ ဝိဟရာမိ။ စွမ်းနိုင်သမျှ
မေတ္တာစိတ်နဲ့ သတ္တဝါတို့ အပေါ်၌ ဖြန့်ပြီး နေပါ
မယ်။ ဒီ ၉ ပါးသီလဥပုသ်ဟာ နဝက အင်္ဂုတ္တိုရ်
ပါဠိတော်မှာ တိုက်ရိုက်လာပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
(ရတနာ့ဂုဏ်ရည်၊ ၂၆၀/၁)

၉၅။မေး။ ။ ၁၀ ပါးသီလမှာ နစ္စ ဂီတ သိက္ခာပုဒ်၊ မာလာဂန္ဓ
သိက္ခာပုဒ်ကို ခွဲရခြင်း အကြောင်းက ဘာပါလဲ။

ဖြေ။ ။ နစ္စ ဂီတသိက္ခာပုဒ်အရ ကခြင်း၊ သီဆိုခြင်း၊ တီး
မှုတ်ခြင်း ကြည့်ရှုနားထောင်ခြင်းတွေဟာ တစ်
ခုနဲ့ တစ်ခု သဘောချင်း ဆက်သွယ်နေတယ်။
ဒါကြောင့် အဲဒီအမှုတွေမှ ရှောင်ကြဉ်တာကို
သိက္ခာပုဒ်တစ်ပါးအဖြစ်နဲ့ ထားပါတယ်။

http://www.dhammadownload.com



မာလာ ဂန္ဓသိက္ခာပုဒ်အရ ပန်းပန်မှု စသည် တွေ လည်း တစ်ခုနဲ့တစ်ခု သဘောချင်းဆက်သွယ်နေ တယ်။ ဒါကြောင့် ပန်းပန်မှု စသည်မှ ရှောင်ကြဉ် တာကို သိက္ခာပုဒ် တစ်ပါးအဖြစ်နဲ့ ထားရတယ်။ နစ္စ ဂီတ သိက္ခာပုဒ်မှာ ပါဝင်တဲ့ အမှုတွေနဲ့ မာလာ ဂန္ဓသိက္ခာပုဒ်မှာ ပါဝင်တဲ့အမှုတွေကတော့ တစ်ခု နဲ့ တစ်ခု သဘောချင်းမဆက်သွယ်လှ။ ဒါကြောင့် နစ္စဂီတနဲ့ မာလာ ဂန္ဓဆိုင်ရာ ခွဲခြားပြီး သိက္ခာ ပုဒ် ၂ ပါးဖြစ်ရတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊ ၂၆၃)

၉၆။ မေး။ ။ ၈ ပါးသီလမှာတော့ အဲဒီသိက္ခာပုဒ် ၂ ပါးကို ဘာကြောင့် ပေါင်းရပါသလဲ။

ဖြေ။ ။ ၂ ပါးလုံးကိုပဲ ၈ ပါးဖြစ်အောင် ပေါင်းစပ်ရပါ တယ်။ ဆိုလိုရင်းကတော့ နစ္စနဲ့ဂီတနဲ့ မာလာ ဂန္ဓကို သိက္ခာပုဒ် ၂ ပါးအဖြစ်နဲ့ ဧကန် ခွဲခြားသင့် ပါတယ်။ ဒါပေမဲ့ ၈ ပါးသီလမှာတော့ ရှေးရိုး စဉ်လာ ထုံးစံအားဖြင့် ၉ ပါးမဟုတ်။ ၈ ပါးသာ ဖြစ်လို့ အဲဒီ ၈ ပါးထဲမှာ အားလုံးပါဝင်ဖို့ရာ ၂ ပါး ပေါင်းပြီး ဆောက်တည်ရတယ်လို့ ဆိုလို တယ်။ ဒါကတော့ ဒီကျမ်းရဲ့ အကြံပါပဲ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊၂၆၃)

http://www.dhammadownload.com



၉၇။မေး။ ။ ညစာ မစားဘဲ ကျင့်တာဟာ ဘာအကျိုးရှိပါသလဲ။ ထမင်း အငတ်ခံတာကိုပဲ ဥပုသ်စောင့်တယ်လို့ ခေါ်တာပါလား။

ဖြေ။ ။ ညစာ မစားဘဲ ရှောင်ကြဉ်တာဟာ ၈ ပါးသီလထဲက တစ်ပါးမျှသာ ဖြစ်ပါတယ်။ ညစာမစားမှု တစ်ခုတည်းကို "ဥပုသ်စောင့်" လို့ မဆိုနိုင်။ အဲဒီ ညစာမစားမှုဟာ ၈ ပါးသီလမှာ အပေါ့ဆုံး အကျင့်မျှသာ ဖြစ်ပါတယ်။ အဲဒီသီလရဲ့ ရည်ရွယ်ချက် အကျိုးကတော့ ၁။ ကိစ္စနည်းပြီး တရားအာရုံပြုဖို့ရန် အချိန်များစွာ ရစေခြင်း၊ ၂။ လောကီအာရုံ ကာမဂုဏ်သို့ စိတ်စက် မဝင်စားအောင် ချုပ်တည်းပြီးသားဖြစ်ခြင်း။ ဒီ ၂ မျိုးပါပဲ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

(ရတနာ့ဂုဏ်ရည်၊၂၆၃)

၉၈။မေး။ ။ ၈ ပါးသီလမှာ နောက် ၃ ပါးက ဆက်စပ်မှုရှိပါသလား။

ဖြေ။ ။ ခမ်းနားတဲ့ အိပ်ရာနေရာမှာ အိပ်စက်နေထိုင်တာ၊ ဖြီးလိမ်းပန်ဆင်တာ၊ ကပြ သီဆို တီးမှုတ်တာ၊ ညစာထမင်းစားတာတွေဟာ ကိလေသာ (တဏှာလောဘ)စိတ်ကို သွေးဆောင်ခေါ်ယူတဲ့ အပြုအမူတွေပါပဲ။ ဒါကြောင့် တဏှာလောဘ ကိလေသာ

http://www.dhammadownload.com



ကာမစိတ်ကို ဆို့ပိတ်ဖို့ရာ ဥစ္စာ သယနသိက္ခာ ပုဒ်နဲ့ ခမ်းနားတဲ့ အိပ်ရာနေရာတွေမှာ အိပ်စက်နေထိုင်တာကို တားမြစ်တယ်။

နစ္စဂီတ သိက္ခာပုဒ်နဲ့ ကပြ သီဆို တီးမှုတ်နဲ့ တကွ ဖြီးလိမ်းပန်ဆင်တာတွေကို တားမြစ်တယ်။ ဝိကာလဘောဇနသိက္ခာပုဒ်နဲ့ ညစာ ထမင်းစားမှုကို တားမြစ်တယ်။

ဒီသိက္ခာပုဒ် ၃ ရပ်နဲ့ ကာမစိတ်ကို တွန်းလှန်ပိတ်ဆို့မှသာ အဗြဟ္မစရိယသိက္ခာပုဒ်တော်အရ မေထုန်အမှုမှ ကျကျနန ရှောင်ကြဉ်နိုင်ပါမယ်။

ဒါကြောင့် ဥပုသ်စောင့်တဲ့အခါ အဗြဟ္မစရိယ စတဲ့ (သိက္ခာပုဒ်တော်တွေကို ငါးပါးသီလထက်ပိုပြီး ထိန်းတာဟာ အဖုံးအပိတ် ညီညွတ်တဲ့ အကျင့်ကောင်း ဖြစ်ပါတယ်။

(မဟာဂန္ဓာရုံ ဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၄၁]

၉၉။မေး။ ။ အကြောင်းမရှိဘဲ ဖျော်ရည်၊ စတုမဓု၊ ထန်းလျက်၊ သကြား၊ ချင်းသုပ်၊ ကွမ်း၊ ဆေး စသည်ကို စားသောက်ရင် ဝိကာလဘောဇနေ သိက္ခာပုဒ် ကျိုးပျက်ပါသလား။

http://www.dhammadownload.com



ဖြေ။ ။ ဒီသိက္ခာပုဒ် ညှိုးပါတယ်။ လုံးလုံးတော့ မပျက်ပါ။ သစ်ပင်ညှိုးရင် အသီးနည်းသလို ဥပုသ်ညှိုးရင် အကျိုးရနည်းတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၃၅]

၁၀၀။မေး။ ။ အကြောင်းရှိရင် ဖျော်ရည်၊ စတုမဓု စသည်ကို စားသောက်ကောင်းပါသလား။

ဖြေ။ ။ ဆာလောင်မွတ်သိပ်ရင် မန်ကျည်းဖျော်ရည်၊ ဘိလပ်ရည် စတဲ့ အရည်ကို သောက်ကောင်းပါတယ်။ အဖတ်ကို မစားကောင်း၊ မိမိအိမ်မှာ စိမ်တဲ့ မန်ကျည်းဖျော်ရည် စသည်ကို အမှုန့်၊ အဖတ် မပါအောင် စင်ကြယ်စွာ စစ်ပြီးမှ သောက်ရပါတယ်။

လေနာလို့ဖြစ်စေ၊ အခြားသော တစ်စုံတစ်ရာ ရောဂါရှိလို့ဖြစ်စေ စတုမဓု၊ ထန်းလျက်၊ သကြား စတဲ့ ဆေးဖက်ဝင်တဲ့ အရာဝတ္ထုနဲ့ ဆေးအမျိုးမျိုးကိုသာ စားသောက်ကောင်းပါတယ်။

အဲဒီလို စားသောက်လို့ သီလ ညှိုးတယ်လို့ မမှတ်ပါနဲ့။ နေမလွဲခင်မှာတော့ ဘယ်အရာမဆို စားသောက်ကောင်းပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၃၅]

http://www.dhammadownload.com



၁၀၁။မေး။ ။ အောက်ပါပုဂ္ဂိုလ်တွေမှာ သီလ ပျက်ပါသလား။
၁။ မိမိဘာသာနေစဉ် မြင်လောက်၊ ကြား လောက်တဲ့အရပ်ကို လာပြီး ကပြသီဆို တီးမှုတ်သံကို ကြည့်ရှုနားထောင်မိသူ။
၂။ အခြား အလုပ်ကိစ္စနဲ့ သွားရင်း၊ လာရင်း တွေ့မြင်သူ။

ဖြေ။ ။ သီလ မပျက်ပါ။ ဒါပေမဲ့ မမြင် မြင်အောင် တမင်တကာ လှည့်ပြီး မကြည့်ရပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၃၈]

၁၀၂။မေး။ ။ အနာရောဂါရှိရင် နံ့သာလိမ်းမှု စသည်ကို ပြု ကောင်းပါသလား။

ဖြေ။ ။ နံ့သာလိမ်းမှု စသည်ကို သာယာသောအားဖြင့် မပြုကောင်းပါ။ အနာရောဂါရှိရင် လိမ်းကျံ ကောင်းပါတယ်။ အနာရောဂါ ရှိသေမယ့်လည်း အဲဒီနံ့သာတွေနဲ့ သင့်မြတ်တဲ့ ရောဂါရှိမှ လိမ်း ကောင်းပါတယ်။ မဖြစ်လောက်တဲ့ ရောဂါကို ရိုးမယ်ဖွဲ့ကာ မျက်နှာ စတဲ့ မဆိုင်ရာအရပ်မှာ နံ့သာ မလိမ်းကောင်းပါ။

ဒါပေမဲ့ ရဟန်းတွေမှာ ကိုယ်နံ့ မကောင်းရင် နံ့သာ (ရေမွှေး၊ ဆပ်ပြာ စသည်) ကို ခွင့်ပြုထား လို့ ဉပုသ်သည်တွေမှာလည်း ကိုယ်မှာ အနံ့

http://www.dhammadownload.com



မကောင်းတဲ့အခါ အဲဒီအနံ့ကို ကာကွယ်ဖို့ရာ လိမ်းကောင်း၊ ဆပ်ပြာမွှေးကို သုံးကောင်းတယ်လို့ ဆိုသင့်ပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၃၉]

၁၀၃။မေး။ ။ ဥစ္စာသယနံ= မြင့်တဲ့နေရာဆိုရာမှာ "လူကြီးက အောက်အနိမ့်မှာ နေရင် ဥပုသ်သည်လူငယ်က အထက်အမြင့်မှာ မနေကောင်း" ဆိုတဲ့ အမြင့်မျိုးကို ဆိုလိုတာပါလား။

ဖြေ။ ။ အဲဒီအမြင့်မျိုး မဟုတ်ပါ။ တစ်တောင့်ထွာထက် ရှည်တဲ့ အိပ်ရာ၊ ခုတင်၊ ကုလားထိုင်ကြီးတွေဟာ မြင့်တဲ့နေရာတွေပါပဲ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၄၀]

၁၀၄။မေး။ ။ မဟာသယနံ= မြတ်တဲ့ နေရာဆိုရာမှာ သင်ဖြူးချောချော၊ ကော်ဇောနုနု စသည်နဲ့ ရဟန်းသံဃာ ဂုဏ်ဝါကြီးသူတွေရဲ့ နေရာ စသည်ကို ဆိုလိုတာ ပါလား။

ဖြေ။ ။ အဲဒီလို နေရာတွေကို "မြတ်တဲ့နေရာ" လို့ မဆိုထိုက်ပါ။ စည်းစိမ်အားလျော်စွာ ခံစားစံစားလေ့ရှိကြတဲ့ စည်းစိမ်ရှင်ကြီးတွေရဲ့ အိမ်မှာ ရှိတတ်တဲ့ လက် ၄ သစ်မက အမွေးရှည်တဲ့

http://www.dhammadownload.com



သားမွေးအခင်း၊ ခြသေ့၊ သစ်ကျား အရုပ်တွေနဲ့ ခမ်းနားဆန်းကြယ်တဲ့ သားမွေးအခင်း၊ ရွှေချည်၊ ငွေချည်တွေနဲ့ ချုပ်လုပ်ထားတဲ့ ပိုးအခင်း (ရိုးရိုး ပိုးအခင်း မဟုတ်)၊ လဲ၊ ဝါဂွမ်းမျိုး သွတ်ထားတဲ့ မွေ့ရာတွေဟာ မြတ်တဲ့နေရာတွေပါပဲ။ ဒီ မွေ့ရာကို ယခုကာလ ဥပုသ်သည်တွေ သုံးစွဲ နေကြတာဟာ မသင့်တော်ပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၄၀]

၁၀၅။မေး။ ။ အုန်းဆံသွတ်မွေ့ရာနဲ့ အဝတ်အဆာ၊ ပိုးချည် အဆာ ပါတဲ့ မွေ့ရာတွေကို ဥပုသ်သည်တွေ သုံးကောင်းပါသလား။

ဖြေ။ ။ သုံးကောင်းပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၄၀]

၁၀၆။မေး။ ။ ယခုကာလ အချို့အရပ်မှာ ရှစ်ပါးသီလဥပုသ် သည်တွေက ငါးပါးသီလ ယူကာ ဥပုသ်ချကြ ပါတယ်။ အဲဒီလို ဥပုသ်ချဖွယ် လိုပါသလား။

ဖြေ။ ။ မလိုပါ၊ မိမိရည်မှန်းထားတဲ့ အချိန်စေ့တဲ့အခါ အလိုအလျောက် ရှစ်ပါးသီလ မရှိတော့ဘဲ ငါးပါးသီလသာ ကျန်ရစ်ပါတော့တယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၄၅]

http://www.dhammadownload.com



၁၀၇။ မေး။ ။ ရှစ်ပါး စတဲ့ ဥပုသ်သီလကို နေ့ဝက်၊ ညဥ့်ဝက် ဖြစ်စေ၊ တစ်ခဏမျှဖြစ်စေ စောင့်ကောင်းပါ သလား။

ဖြေ။ ။ ဥပုသ်က ကာလပိုင်းပြီး စောင့်တဲ့ ဥပုသ်၊ အသက်ထက်ဆုံး စောင့်တဲ့ ဥပုသ်လို့ ၂ မျိုး ရှိပါတယ်။ ကာလပိုင်းပြီး စောင့်တဲ့ ဥပုသ်မှာ ၂ ရက်၊ ၃ ရက် စသည် ဖြစ်စေ၊ တစ်နေ့ တစ်ညဥ့်လုံး ဖြစ်စေ၊ နေ့ဝက်၊ ညဥ့်ဝက်ဖြစ်စေ တစ်ခဏမျှ (တရားနာခိုက်) ဖြစ်စေ စောင့် ကောင်းပါတယ်။

အနာထပိဏ်သူဌေးရဲ့ အလုပ်သမား တစ်ယောက်ဟာ ဥပုသ်နေ့မှာ လယ်ထွန်သွားပြီး ပြန်လာကာ သူများ ဥပုသ်စောင့်ကြောင်း သိရလို့ ထမင်းကို မစားတော့ဘဲ နေ့တစ်ဝက်မျှ ဥပုသ်စောင့်စဉ် လေနာထလို့ စုတေတဲ့အခါ ရက္ခစိုးနတ် ဖြစ်ရတယ်။ ဒါကြောင့် တစ်သက်လုံး မစောင့်နိုင်ရင် လ၊ ရက်၊ အချိန်ပိုင်းခြားပြီး လည်း စောင့်ကောင်းပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၄၅]

၁၀၈။ မေး။ ။ ယခုကာလ အချို့ တရားပွဲ၊ အလှူမဏ္ဍပ် စသည်မှာ "မဏ္ဍပ်က မထွက်ခင် ရှစ်ပါးသီလ

http://www.dhammadownload.com



ဆောက်တည်ကြ" လို့ ဆိုပြီး ဖြီးလိမ်းပြင်ဆင်ထားသူတွေအား မာလာဂန္ဓ ဝိလေပန စတဲ့ သိက္ခာပုဒ်ကို ဓမ္မကထိကတို့က ချပေးကြပါတယ်။ "ဥပုသ်မစောင့်ခင်က ဖြီးလိမ်းထားလို့ မာလာဂန္ဓ ဝိလေပန သိက္ခာပုဒ် မပျက်"လို့လည်း ပြောဆိုကြပြန်ပါသေးတယ်။ အဲဒါ ဘယ်လိုပါလဲ။

ဖြေ။ ။ အဲဒီအားလုံးကို နည်းလမ်း ကျ၊ မကျ စဉ်းစားကြပါလေ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၄၅]

၁၀၉။မေး။ ။ လက်မှာ ရွှေလက်စွပ် စသည်ကို ဝတ်ခြင်း၊ နားမှာလည်း ပန်ဆင်ခြင်းဟာ ဥပုသ်သည်တွေမှာ သင့်လျော်ပါသလား။

ဖြေ။ ။ အဲဒါတွေဟာ မာလာတရဏမှာ ပါဝင်တာမို့ ဆယ်ပါးသီလကို မဆိုထားဘိ၊ ရှစ်ပါးသီလနဲ့တောင် မသင့်လျော်ပါချေ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၆၇]

၁၁၀။မေး။ ။ လူဝတ်ကြောင်တွေက ဆယ်ပါးသီလကို စောင့်ကောင်း ပါသလား။

http://www.dhammadownload.com



ဖြေ။ ။ ဆယ်ပါးသီလနဲ့ စပ်ပြီး စောင့်ကောင်း၊ မစောင့်ကောင်း ဝါဒကွဲပြားပါတယ်။ အချို့က "သစ်ခေါက် ဆိုးဝတ်ပြီး အမြဲစောင့်နိုင်မှ စောင့်ကောင်းတယ်"" လို့ ဆိုကြပါတယ်။ အချို့ကလည်း "မိမိမှာ ရှိနေတဲ့ ရွှေ၊ ငွေ ဥစ္စာတွေကို စွန့်ပစ်နိုင်မှ စောင့်ကောင်းတယ်" လို့ ဆိုကြပါတယ်။ ဒါပေမဲ့ ဖုသဘုရားရှင်ရဲ့ ညီတော်မင်းသားသုံးပါးဟာ မိမိမှာရှိနေတဲ့ ရွှေ၊ ငွေ ပစ္စည်းတွေကို တစ်ခါတည်း ပြတ်အောင် သူတစ်ပါးအား အပိုင်မပေးကြဘဲ ကပ္ပိယထံ အပ်နှံထားရုံမျှနဲ့ (တစ်စုံတစ်ခုကိုမျှလည်း မစီမံတော့ဘဲ) ဆယ်ပါးသီလ စောင့်ကြပါတယ်။ ဒါကြောင့် ရွှေ၊ ငွေ ဥစ္စာကို လုံးဝ မစွန့်ပစ်ဘဲ ကပ္ပိယထံ အပ်နှံထားရုံမျှနဲ့ တစ်နေ့တစ်ရက် ဖြစ်စေ ဆယ်ပါးသီလ စောင့်ကောင်းကြောင်းကို ဆရာများ ဆုံးဖြတ်ကြပါတယ်။ အဘိဓမ္မာသဘောနဲ့ စဉ်းစားရင်လည်း ကုသိုလ်စိတ် ပိုပြီး ဖြစ်ဖွယ်ရှိလို့ မစောင့်ကောင်းစရာအကြောင်း မမြင်ပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
[ရတနာ့ဂုဏ်ရည်၊ ၂၆၇]

http://www.dhammadownload.com



၁၁၁။မေး။ ။ ဆယ်ပါးသီလစောင့်သူဟာ ရွှေ၊ ငွေ ရတနာတွေနဲ့စပ်ပြီး ဘယ်လို ကျင့်သုံးရပါမလဲ။

ဖြေ။ ။ မိမိမှာရှိတဲ့ ရွှေ၊ ငွေကို ယုံကြည်လောက်သူထံ အပ်ပြီး ထားရမယ်။ ဆယ်ပါးသီလ စောင့်ထိန်းတဲ့ အတောအတွင်းမှာ အဲဒီ ရွှေ၊ ငွေကို မကိုင်ရ၊ "ဘယ်ထားလိုက်ပါ၊ သိမ်းထားလိုက်ပါ" လို့လည်း မပြောရ။ အဲဒီ ရွှေ၊ ငွေနဲ့ "ဘာဝယ်လိုက်ပါ" စသည်ကိုလည်း မပြောရ၊ မိမိ အသုံးလိုနေတဲ့ ပစ္စည်းကိုသာ "ဘာလိုချင်တယ်၊ ဘာစားချင်တယ်" စသည်ဖြင့် ပြောဆိုရမယ်။ သူတစ်ပါးက ငွေလာပေးခဲ့သော် အဲဒီငွေကို ကိုယ်တိုင်လည်း မယူရ။ သူများကိုလည်း အယူမခိုင်းရ။ နားလည်သူတစ်ယောက် (သို့မဟုတ် ကပ္ပိယလုပ်သူ) က ယူထားရင် မိမိမှာ အပြစ်မရှိပါ။ စာတိုက်မှ မန်းနီးအော်ဒါလာရင် ငွေရရှိကြောင်း လက်မှတ်ထိုးရုံဖြင့် အပြစ်မရှိပါ။ လက်မှတ်ထိုးပြီးနောက် စာပို့လာပေးတဲ့ငွေကို ကိုယ်တိုင်လည်း မကိုင်ယူပါနဲ့။ သူများကိုလည်း အယူမခိုင်းနဲ့။ နားလည်သူ ကပ္ပိယက ယူထားရင် မိမိမှာ အပြစ်မရှိပါ။ ဆယ်ပါးသီလ စောင့်ထိန်းနေတဲ့အခါ ရွှေ၊ ငွေ သာမက စိန်၊

http://www.dhammadownload.com



ကျောက်၊ ပုလဲ၊ ပတ္တမြား စတဲ့ ရတနာတွေကို လည်း မကိုင် မခံရပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၆၆]

၁၁၂။မေး။ ။ ကောမာရ (ကောမာရီ) ဗြဟ္မစရိယ သီလ ဆောက်တည်ချင်ရင် ဘယ်လို ဆောက်တည် ရမှာပါလဲ။

ဖြေ။ ။ ငါးပါးသီလအတိုင်း ဆိုပြီး ကာမေသုမိစ္ဆာစာရ နေရာမှာ အဗြဟ္မစရိယကို ထည့်ပြီး ဆိုရုံသာ ထူးပါတယ်။ 'ပဥ္စသီလံ' နေရာမှာ 'ကောမာရ ဗြဟ္မစရိယသီလံ' အမျိုးသမီးတွေအတွက် 'ကောမာရီ ဗြဟ္မစရိယ သီလံ' လို့ ဆိုရပါမယ်။ "ကောမာရ ဗြဟ္မစရိယသီလံ= ငယ်သွေး ငယ်မူ၊ ဖြူစင်သူတို့၏ မြတ်သော အကျင့်သီလ ဖြစ်သော၊ ဓမ္မံ= သိက္ခာပုဒ်အကျင့်ကို" လို့ အနက်ပေးပါ။

ပါဠိလို မဆိုတတ်ရင် မြန်မာလို "တပည့်တော် ဟာ မေထုန်အကျင့်မှ ရှောင်ကြဉ်မှုပါတဲ့ ငါးပါး သီလကို ဆောက်တည်ပါ၏" လို့ ဘုရားရှေ့မှာ ဆိုပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၃၄]

http://www.dhammadownload.com



၁၁၃။မေး။ ။ သရဏဂုံသုံးပါးရဲ့ အဓိပ္ပာယ်ကို နားမလည်ဘဲ ရွတ်ရင် သရဏဂုံ ရနိုင်ပါသလား။

ဖြေ။ ။ နားမလည်သူတို့မှာ ဉာဏ်နဲ့ယှဉ်တဲ့ မဟာကုသိုလ် သရဏဂုံ မရနိုင်ပါ။ အတော်အတန် နားလည်သူ၊ ဘုရား၊တရား၊သံဃာကို ကိုးကွယ်လိုစိတ် ရှိသူမှာတော့ ဉာဏ်နဲ့မယှဉ်တဲ့ သရဏဂုံ မျှသာ ရဖွယ်ရှိပါတယ်။ လုံးလုံး နားမလည်သူတွေမှာ သရဏဂုံကိုမျှ လုံးလုံး ရဖွယ် မရှိပါ။ သရဏဂုံ မတည်ရင် ဗုဒ္ဓဘာသာဝင် မဟုတ်သေးပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၁၉၆]

၁၁၄။မေး။ ။ သရဏဂုံကို ထပ်ခါ ထပ်ခါ ဆောက်တည်ဖို့ လိုပါသလား။

ဖြေ။ ။ ယုံကြည် လေးမြတ်စွာ တစ်ကြိမ်လောက် ဆောက်တည်ထားရင် ယုံကြည်စိတ် မပျက်သမျှ တစ်သက်လုံး 'သရဏဂုံတည်သူ' မည်ပါတော့တယ်။ ထပ်ခါ ထပ်ခါ ဆောက်တည်နေဖွယ် မလိုပါ။ ခုကာလမှာတော့ သီလ ဆောက်တည်တိုင်း ထပ်ပြီး သရဏဂုံ ဆောက်တည်လေ့ ရှိကြပါတယ်။ ဒါပေမဲ့ အပြစ်မရှိလို့ အဲဒီနည်းကို မပယ်ဖျက်လိုပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၁၉၅]

http://www.dhammadownload.com



၁၁၅။မေး။ ။ လူသေတဲ့အခါ အလောင်းကောင်ကို ဘယ်ရည်ရွယ်ချက်နဲ့ သရဏဂုံတင်ရိုး ပြုကြတာပါလဲ။

ဖြေ။ ။ ရတနာသုံးပါးကို မကိုးကွယ်တဲ့အခါနဲ့ အသက်ဆုံးတဲ့အခါ သရဏဂုံ ပျက်ပါတယ်။ ဒါကြောင့် တစ်စုံတစ်ယောက် အနိစ္စရောက်တဲ့အခါ "ရောက်ရာဘဝက သတိရနေရင် သရဏဂုံ ယူပါစေတော့" လို့ ရည်မှန်းပြီး အလောင်းကောင်ကို သရဏဂုံတင်ရိုး ပြုကြပါတယ်။ စိတ်မရှိတဲ့ အလောင်းကောင်အတွက်တော့ သရဏဂုံ တင်ပေမယ့် သရဏဂုံ မရပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၁၉၆]

၁၁၆။မေး။ ။ ရဟန်းတစ်ပါးအား ဘယ်လို လှူရင် သံဃိကဒါန ဖြစ်နိုင်ပါသလဲ။

ဖြေ။ ။ ရဟန်းတစ်ပါးပင် ဖြစ်ပေမယ့် မိမိက "သံဃာအား လှူပါ၏" လို့ သံဃာကို ရည်စူးပြီး ဆွမ်းတစ်ထပ် လှူရင် သံဃိကဒါန ဖြစ်နိုင်ပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၁၅၀]

၁၁၇။မေး။ ။ ကျန်ရစ်သူတွေက ကုသိုလ်ပြုပြီး အမျှဝေရင် တမလွန်မှ ဘယ်လိုပုဂ္ဂိုလ်က သာဓုခေါ်နိုင်ပါသလဲ။

http://www.dhammadownload.com



ဖြေ။ ။ သေလွန်သူဟာ မိမိအိမ်၊ ရွာ၊ မြို့ အနီးအပါး အကြိုအကြားမှာ သွားလာလျက် စားရမယ့်၊ သောက်ရမယ့် ပြိတ္တာမျိုး (အစိမ်း၊ တစ္ဆေ၊ သရဲ) ဖြစ်နေရင် ကျန်ရစ်တဲ့ ဆွေမျိုးတွေက ဆွမ်း၊ သင်္ကန်း စသည်ကို လှူဒါန်းပြီး "ဒီအလှူဟာ သွားလေသူ အမိ (အဖ၊ ဆွေမျိုး) အတွက် ဖြစ်ပါစေသတည်း။ သွားလေသူ အမိ (အဖ၊ ဆွေမျိုး) မည်သူမည်ဝါဟာ ချမ်းသာပါစေသတည်း။ ဒီကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုခေါ်ပါလော့။ အညီအမျှ ကုသိုလ်ရအောင် အမျှယူပါလော့။ အမျှဝေပါတယ်" လို့ ပြောဆိုကာ အမျှဝေတဲ့အခါ အဲဒီပြိတ္တာတွေ တွေ့မြင် ကြားသိရင် သာဓုခေါ်ကာ အဝတ်အစားတွေကို နတ်သမီး၊ နတ်သားတွေလိုပဲ ရနိုင်ကြတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၁၄၆]

၁၁၈။မေး။ ။ အချို့အရပ်မှာ သုသာန် စသည်သွားပြီး "ယနေ့ အလှူဒါနပြုမှာမို့ လိုက်ခဲ့ပါ"လို့ ဖိတ်မံကာ အိမ်ကို ခေါ်လာတတ်ကြပါတယ်။ အဲဒါ ဘာကြောင့် ပါလဲ။

ဖြေ။ ။ မိမိအတွက် လှူဒါန်းနေပေမယ့် မမြင်၊ မကြားရလို့ သာဓု မခေါ်နိုင်ရင် အဝတ်အစားတွေကို

http://www.dhammadownload.com



နတ်သမီး၊ နတ်သားတွေလို မရနိုင်ကြသေး။ ဒါကြောင့် သေလွန်သူကို ရည်မှန်းပြီး အလှူမပြု လုပ်မီကပဲ အဲဒီလို ဖိတ်မံကြပါတယ်။ အဲဒီကုသိုလ်ကို အလွန်ဝေးတဲ့ ရှေးရှေးဘဝက ပြိတ္တာ ဆွေမျိုးဟောင်းတွေလည်း သာဓုခေါ်နိုင် ရင် အဖို့ ရခွင့် ရှိပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၁၄၇]

၁၁၉။မေး။ ။ သေလွန်သူ ဆွေမျိုးတွေကို မှန်းပြီး လှူဒါန်း ရာမှာ အဲဒီအလှူကို တမလွန်က ဘယ်လိုပုဂ္ဂိုလ် တွေက မသိနိုင်ပါသလဲ။

ဖြေ။ ။ သေသူက ငရဲကျရင် ဖြစ်စေ၊ တိရစ္ဆာန်အမိဝမ်း မှာ ဖြစ်ရင် ဖြစ်စေ၊ အလွန်ဝေးတဲ့ တော၊ တောင်၊ မြစ်၊ သမုဒ္ဒရာကမ်းမှာ ပြိတ္တာဖြစ်နေရင် ဖြစ်စေ၊ လူ့အမိဝမ်းမှာ ဖြစ်နေရင် ဖြစ်စေ၊ နတ်၊ ဗြဟ္မာ ဖြစ်နေရင် ဖြစ်စေ အဲဒီအလှူကို မသိနိုင် ကြပါ။ သိနိုင်ပေမယ့် သူတို့မှာ အကျိုးထူး မရကြပါ။ ဒါပေမဲ့ လှူဒါန်းသူ ဆွေမျိုးတွေ မှာတော့ ထုံးစံအတိုင်း ဒါနကုသိုလ် ဖြစ်ပါ တယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၁၄၆]

http://www.dhammadownload.com



၁၂၀။မေး။ ။ သေသူကို ရည်စူးပြီး ၇ ရက်လည်မှ ဆွမ်းသွတ်ကြတာဟာ ဘာကြောင့်ပါလဲ။

ဖြေ။ ။ "လူတစ်ယောက် သေဆုံးတဲ့အခါ ကံပစ်ချရာဘဝသို့ ချက်ချင်း မရောက်သေး၊ ဘဝဟောင်းမှာ ရှိရစ်တဲ့ အိမ်နဲ့ ဆွေမျိုးတွေရဲ့ အနီးအပါးမှာ တလည်လည်နဲ့ လှည့်လည်ကြည့်ရှုကာ ၇ ရက်ကြာအောင် နေတယ်" လို့ အယူရှိကြတယ်။ ဒါကြောင့် ၇ ရက် ပြည့်တဲ့အခါ "ဘဝတစ်ပါးသို့အပြောင်းမှာ ဘဝဟောင်းက ဆွေမျိုးများပြုတဲ့ကုသိုလ်ကို ဝမ်းမြောက်စွာ သာဓု ခေါ်ပြီးရင် ကောင်းရာဘဝသို့ ရောက်ပါစေတော့"လို့ ရည်စူးကာ ၇ ရက်လည်မှ ဆွမ်း သွတ်ကြတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၁၄၇]

၁၂၁။မေး။ ။ ၇ ရက်လည်မှ ဆွမ်းသွတ်တာဟာ နည်းလမ်းကျပါသလား။

ဖြေ။ ။ ၇ ရက်မှ မိမိအိမ်ရဲ့ အနီးအပါးမှာ စောင့်စားလှည့်လည်နေတော့တာ မဟုတ်ပါ။ ကံစီမံရာဘဝကို ချက်ချင်းပဲ ပြောင်းကြရပါတယ်။ အိမ်အနီးအပါးမှာနေပြီး ဒီဘဝ ဆွေမျိုးတွေက ပြု

http://www.dhammadownload.com



မယ့် ကုသိုလ်ကို မျှော်လင့်နေသူကတော့ ပြိဿာဘ၀ ရောက်သူပါပဲ။ ဒါကြောင့် ရက်လည်အောင် ဆိုင်းငံ့နေတာဟာ နည်းလမ်း မဟုတ်ပါ။ ဆုံးတဲ့နေ့ကစပြီး တတ်အားသမျှ ကုသိုလ်ပြုအမျှဝေတာသာ နည်းလမ်းကျပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၁၄၈]

၁၂၂။မေး။ ။ ရေစက်ချတာကို ရှေးတုန်းကလည်း ယခုခေတ်လိုပဲ ပြုခဲ့ကြတာပါလား။

ဖြေ။ ။ ရှေးအခါက အလှူဒါနပြုရာတိုင်းမှာ ကြည်လင်အေးမြတဲ့ လက္ခဏာကို ဖော်ပြဖို့ရာ ရေကို အလှူခံပုဂ္ဂိုလ်ရဲ့ လက်မှာ လောင်းထည့်သွန်ချပြီး ပေးလှူလေ့ ရှိကြဟန် တူပါတယ်။

ယခုကာလ တစ်စက်တစ်စက် ချနေတဲ့ ရေစက်ချဟာ အဲဒီထုံးစံကို လိုက်ဟန် ရှိပေမယ့် အဲဒီရှေးစနစ်နဲ့ မတူပါ။ ဒါကြောင့် ဘာသာရေးကိစ္စမှာ သဘာဝကျကျ ပြုပြင်လိုတဲ့ အမျိုးသား၊ အမျိုးသမီးတွေဟာ ဘုန်းကြီးက ချပေးတိုင်း လိုက်ဆိုရတဲ့ ဆုတောင်းနဲ့ တစ်စက် တစ်စက် ချရတဲ့ ရေစက်ချနည်းကို ပြုပြင်ပြီး ကြည်လင်တဲ့ ရေကို အလှူခံပုဂ္ဂိုလ်ရဲ့ လက်ပေါ်မှာဖြစ်စေ၊ မြေကြီးပေါ်မှာဖြစ်စေ သွန်လောင်းပြီး အလိုရှိရာ

http://www.dhammadownload.com



ဆုကို ကိုယ့်ဘာသာတောင်းတဲ့ ရှေးအကျဆုံး မှုဟောင်းကိုသာ လိုက်သင့်ကြပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၂၉၆]

၁၂၃။မေး။ ။ ဂေါတမဘုရားလောင်း ဖြန့်ကြဲလိုက်တဲ့ မြက်အခင်းရဲ့ ပမာဏ ၁၄ တောင် သို့မဟုတ် ၁၄ မိုက်ဆိုတာ အမြင့်လား၊ အကျယ်လား။

ဖြေ။ ။ ဘုန်းကြီးကတော့ အကျယ်ပမာဏကို သဘောကျပါတယ်။ ဘာကြောင့်လဲဆိုရင် မြက်ရှစ်ဆုပ်ကို ဖြန့်ကြဲခင်းတာဟာ ထိုင်ဖို့ရာ ဖြစ်တဲ့အတွက် တင့်တင့်တယ်တယ် ကျယ်ကျယ်ပြန့်ပြန့်ထိုင်လောက်တဲ့ အကျယ်အဝန်း ရှိဖို့က လိုရင်း ဖြစ်ပါတယ်။ မြင့်တာက လိုရင်း မဟုတ်ပါ။ ဒါကြောင့်ပါပဲ။ နောက်ပြီးတော့ ဗုဒ္ဓဝံသအဋ္ဌကထာဆရာကလည်း အကျယ်ပမာဏကိုသာ ပြထားပါတယ်။

(မဟာစည်ဆရာတော်ကြီး)

[သလ္လေခသုတ် တရားတော်၊ ပထမတွဲ၊ ၉၈]

၁၂၄။မေး။ ။ ယခုကာလမှာ တချို့ အဓိဋ္ဌာန်ဝင်တယ်ဆိုပြီး အဓိဋ္ဌာန်ပြုထားတဲ့အချိန်ပိုင်းအတွင်းမှာ လုံးလုံးစကားမပြောတော့ဘူးလို့ အဓိဋ္ဌာန်ကြပါတယ်။ အဲဒီလို အဓိဋ္ဌာန်ပြုကောင်းပါသလား။

http://www.dhammadownload.com



ဖြေ။ ။ အဲဒီလိုတော့ အဓိဋ္ဌာန်မပြုကောင်းပါ။ "လောကရေးရာ အကျိုးမဲ့စကားကို မပြောတော့ဘူး။ အရေးမကြီးတဲ့ စကားကို မပြောတော့ဘူး" လို့ ခြွင်းချက်ထားပြီး အဓိဋ္ဌာန်ပြုရင်တော့ သင့်တော်လောက်စရာ ရှိပါရဲ့။ အဲဒီလိုဆိုတော့ အရေးကြီးတဲ့ အကျိုးစီးပွားနဲ့ စပ်တဲ့ စကား၊ တရားနဲ့စပ်တဲ့စကားတွေကိုပြောသင့်သလောက် ပြောနိုင်ပါတယ်။ အဲဒီလို ပြောသင့်တာ ပြောခြင်းဖြင့် လောကဘက်ကရော တရားဘက်ကရော တိုးတက်သွားနိုင်ပါတယ်။

(မဟာစည်ဆရာတော်ကြီး)

[သလ္လေခသုတ် တရားတော်၊ ဒု၊ ၂၀၇]

၁၂၅။မေး။ ။ ပူတိမုတ္တ= ပုပ်ဆွေးနေလို့ စွန့်ပစ်ထားတဲ့ ဆေး အဟောင်းအမြင်းလို့ တစ်နည်း ဖွင့်ထားပါတယ်။ အဲဒါ ဘုရား အလိုကျပါသလား။

ဖြေ။ ။ အဲဒီအဖွင့်ကိုတော့ ဘုရားရဲ့ အလိုကျ၊ မကျ စဉ်းစားဖွယ် ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ယခုခေတ်မှာ စနစ်တကျ ဆေးထုတ်လုပ်တဲ့ ဌာနများက သူတို့ ထုတ်လုပ်တဲ့ ဆေးကို ဆေးသက် ကုန်တဲ့အခါ မသုံးဖို့ ညွှန်ကြားထားချက်တွေလည်း ရှိပါတယ်။ ပုပ်ဆွေးနေတဲ့ အဲဒီဆေးကို သုံးဆောင်ရင် ရောဂါ မပျောက်ဘဲ ရောဂါ

http://www.dhammadownload.com



ဖြစ်မှာကို စိုးရိမ်စရာပဲ ရှိပါတယ်။ နောက်ပြီး တော့ အဲဒီလို စွန့်ပစ်ထားတဲ့ ဆေးကို လိုက်လံ ရှာဖွေယူဖို့လည်း လွယ်လှမယ် မဟုတ်ပါဘူး။ ဒါကြောင့် ပူတိမုတ္တဆိုတဲ့ သဒ္ဒါအရ ကြံပြီး ဖွင့်ပြတဲ့ အဲဒီအနက်ကို ဘုရားရှင် အလိုတော်နဲ့ ညီ၊ မညီ စဉ်းစားဖွယ် ရှိပါတယ်။

(မဟာစည်ဆရာတော်ကြီး)

[ဗြဟ္မဝိဟာရ တရားတော်၊ ၁၂၆]

၁၂၆။မေး။ ။ တစ်ယူဇနာမှာ မိုင် ဘယ်လောက် ရှိပါသလဲ။

ဖြေ။ ။ တစ်ယူဇနာဆိုတာ ပါဠိအဘိဓာန်ကျမ်း စသည် မှာ ပြဆိုထားချက်အရအားဖြင့် ၁၂ မိုင် ကျော် ကျော် ၁၃ မိုင်နီးပါး ရှိပါတယ်။ ယခုခေတ် သုတေသီဆရာတွေရဲ့ ယူဆချက်အရ အားဖြင့် တစ်ယူဇနာဆိုတာ ရှစ်မိုင်လောက် ရှိပါတယ်။

(မဟာစည်ဆရာတော်ကြီး)

[ဗြဟ္မဝိဟာရ တရားတော်၊ ၁၃၃]

၁၂၇။မေး။ ။ ယခုနေအခါမှာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ယောင် ယောင်နဲ့ မထေရ်ကြီးအချို့က အမျိုးသမီး ကလေးများ ခေါင်းကို လက်နဲ့ ပွတ်သပ်ပြီး တော့တောင် သိဒ္ဓိတင် ချီးမြှောက်တာ ရှိတယ် လို့ ကြားရပါတယ်။ အဲဒါကို ဝိနည်းပညတ် တော်က ခွင့်ပြုထားပါသလား။

http://www.dhammadownload.com



ဖြေ။ ။ အဲဒါဟာ ဝိနည်းပညတ်တော်က လုံးဝတားမြစ်ထားတဲ့ အမှုပါပဲ။ ရဟန်းတွေမှာ သမီးတို့၊ အမိတို့ကိုတောင် မထိပါးရဘူးလို့ ပညတ်ထားတာ ရှိပါတယ်။ မိန်းမအရုပ်ကိုတောင် သာယာတဲ့စိတ်နဲ့ မကိုင်ရဘူးလို့ ပညတ်ချက်ရှိပါတယ်။

(မဟာစည်ဆရာတော်ကြီး)

[ဗြဟ္မဝိဟာရ တရားတော်၊ ၁၄၁]

၁၂၈။မေး။ ။ ယခုနေအခါမှာ နာမည်ကြီး၊ ဘုန်းကြီးတဲ့ အချို့ဆရာတော်က ဒကာ၊ ဒကာမတွေအား အဆောင်သဘောနဲ့၊ ဆေးသဘောနဲ့ တစ်စုံတစ်ခု ပစ္စည်းကို ပေးကမ်းချီးမြှင့်တဲ့အကြောင်း ကြားရပါတယ်။ ကွမ်းယာကလေးများကို ပေးတယ်လို့ ကြားရပါတယ်။ အဲဒါဟာ ဘုရားနည်းပါလား။

ဖြေ။ ။ အဲဒါလည်း ဘုရားနည်းမဟုတ်ပါဘူး။

(မဟာစည်ဆရာတော်ကြီး)

[တုဝဋကသုတ် တရားတော်၊ ၁၇၀]

၁၂၉။မေး။ ။ တစ်စုံတစ်ယောက်က ဘေးကင်း ရန်ကင်းစသည်အတွက် တစ်စုံတစ်ခု လာတောင်းရင် ဘယ်လို ပြောလိုက်သင့်ပါသလဲ။

ဖြေ။ ။ ဘုန်းကြီးကတော့ အဲဒီလို လာတောင်းရင် "ငါ့မှာ အဲဒီလိုပေးစရာ မရှိဘူး၊ ငါလည်း ဘာမှ

http://www.dhammadownload.com



တန်ခိုးမရှိပါဘူး၊ အဲဒီလို တန်ခိုးရှိတဲ့ အနေနဲ့ ပစ္စည်းတစ်ခုခုကို ပေးရင် ငါကိုယ်တိုင် ဂိုဏ်းဆရာကြီး ဖြစ်သွားပါလိမ့်မယ်” စသည်ဖြင့် ပြောပြီး တားမြစ်လိုက်တာချည်းပါပဲ။

(မဟာစည်ဆရာတော်ကြီး)

[ တုဝဋကသုတ် တရားတော်၊ ၁၇၁]

၁၃၀။မေး။ ။ ပါရိဟာရိယ ပညာဆိုတာ ဘာပါလဲ။

ဖြေ။ ။ ပါရိဟာရိယ ပညာဆိုတာ ကိစ္စကြီးငယ်ဟူသမျှကို ပြီးစီးအောင် ဆောင်ရွက်တတ်တဲ့ ဆင်ခြင်ဉာဏ်ပါပဲ။ အကျိုးရှိ မရှိ ဆင်ခြင်တတ်တဲ့ သာတ္ထကသမ္ပဇဉ်၊ သင့် မသင့် ဆင်ခြင်တတ်တဲ့ သပ္ပါယသမ္ပဇဉ်ဆိုတဲ့ အသိဉာဏ်တွေပါပဲ၊ ဒီ ပါရိဟာရိယပညာဟာ လောကီ၊ လောကုတ္တရာ နှစ်ဖြာလုံးမှာ အလွန်အသုံးကျတဲ့ ပညာပါပဲ။

(မဟာစည်ဆရာတော်ကြီး)

[ ဗြဟ္မ ဝိဟာရ တရားတော်၊ ၁၃၆]

၁၃၁။မေး။ ။ သံဃဘေဒက ကံဆိုတာ ရပ်ရွာ နယ်ပယ်က သံဃာတော် အချင်းချင်း ကွဲပြားအောင် ကြံဆောင်အားထုတ်တာပါလား။

ဖြေ။ ။ သိမ်တစ်ခုတည်းမှာ ရဟန်းသံဃာအချင်းချင်း အတူတကွ ကံမပြုဘဲ သူ့ဘက်ငါ့ဘက် နှစ်ဖက်ခွဲပြီးတစ်ပြိုင်နက် ကံပြုအောင် အားထုတ် စီမံ

http://www.dhammadownload.com



ရာမြောက်ရင် အဲဒီလို ကွဲပြားအောင် ကြံဆောင်
စိမ်တဲ့ပုဂ္ဂိုလ်မှာ ဒီသံဃဘေဒကကံ ထိုက်တယ်။
တစ်သိမ်တည်းပင် ဖြစ်ပေမယ့် တစ်ဖက်
ပြီးမှ တစ်ဖက်က ကံပြုခြင်းနဲ့ကံ ဒွါရ ကွဲပြား
ခြင်းစတာတွေဟာ ဒီသံဃဘေဒကကံနဲ့မဆိုင်။
တစ်သိမ်တည်းမှာ ကံကြီး ကံငယ်ခွဲခြားပြီး
တစ်ပြိုင်နက် ကံပြုမှ သံဃဘေဒကကံဖြစ်လို့
လူ၊ သာမဏေတွေမှာ သံဃဘေဒကကံ ထိုက်ဖို့
ရန် အချက်မရှိပါ။ ရပ်ရွာ နယ်ပယ်က သံဃာ
တော် အချင်းချင်း ကွဲပြားအောင် ကြံဆောင်
အားထုတ်သူမှာ အကုသိုလ် တိုးပွားရလို့ သံဃ
ဘေဒကကံလောက်နီးနီးအပြစ်ကြီးမားပါတယ်။
(မဟာဂန္ဓာရုံဆရာတော်ကြီး)
[သင်္ဂြိုဟ်ဘာသာဋီကာ၊ ၃၄၁]

၁၃၂။မေး။ ။ ရဟန္တာ မဖြစ်ခင် သတ်ရာ ရဟန္တာ ဖြစ်ပြီးမှ
သေရင် အရဟန္တဃတက ကံထိုက်ပါသလား။

ဖြေ။ ။ ရဟန္တာ မဖြစ်ခင်သတ်၊ ရဟန္တာဖြစ်ပြီးမှ သေ
ရင် အဲဒီဘဝ ဓိဝိတိန္ဒြေအစဉ်ကို လျင်စွာချသည်
မည်လို့ အရဟန္တဃတကပါပဲ။

၁၃၃။မေး။ ။ ဒုစရိုက် ၁၀ ပါးကို ကိုယ်တိုင်ပြုခြင်း၊ သူတစ်ပါး
ကို အပြုခိုင်းခြင်း၊ ဂုဏ်ကို ပြောပြခြင်း၊ သဘော
တူကျေနပ်ခြင်းဆိုတဲ့ ၄ မျိုးနဲ့ မြှောက်ရင် ၄၀

http://www.dhammadownload.com



ဖြစ်ရာ အားလုံး ၄၀ လုံး ကမ္မပထ မြောက်ပါသလား။(အပါယ်ရောက်ကြောင်းလမ်း ဖြစ်ပါသလား)

ဖြေ။ ။ ဒုစရိုက် ၄၀ ထဲက အချို့ ကမ္မပထ မြောက်တယ်၊ အချို့ မမြောက်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
[သဂြိုဟ်ဘာသာဋီကာ၊ ၃၈၄]

၁၃၄။မေး။ ။ ဒုစရိုက်၊ သုစရိုက်တွေကို နာမည်တစ်မျိုးနဲ့ ဘယ်လိုခေါ်ပါသေးသလဲ။

ဖြေ။ ။ ဒုစရိုက် ၁၀ ပါးကို"အကုသလ ကမ္မပထ ၁၀ ပါး"လို့လည်း ခေါ်ပါတယ်။ "အပါယ် ရောက်ကြောင်း မကောင်းတဲ့ လမ်းဖြစ်တဲ့ အကုသိုလ်တွေ" လို့ ဆိုလိုပါတယ်။ သုစရိုက် ၁၀ ပါးကို "ကုသလကမ္မပထ ၁၀ ပါး" လို့ လည်းခေါ်ပါတယ်။ "လူ့ပြည် နတ်ပြည်သို့ ရောက်ကြောင်း ကုသိုလ်တွေ" လို့ ဆိုလိုပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
[ရတနာ့ဂုဏ်ရည်၊ ၂၆၉၊၂၇၀]

၁၃၅။မေး။ ။ အမျှဝေရာ သာဓုခေါ်ရာမှာ ဒါနကုသိုလ်ကိုသာ အမျှဝေလို့ သာဓုခေါ်လို့ရတာပါလား။

ဖြေ။ ။ ပတ္တိဒါနကုသိုလ်အရာ(အမျှဝေရာ)မှာ ဒါနပြုပြီး အမျှဝေမှုသာ အဋ္ဌကထာတွေမှာ လာပါ

http://www.dhammadownload.com



တယ်၊ သံဂီတိသုတ်ဋီကာမှာတော့ အခြားကောင်းမှုကို အမျှဝေတာဟာလည်း ပတ္တိဒါန ဖြစ်တယ်လို့ ဆိုပါသေးတယ်။ အလှူရှင်တွေက အမျှပေးအပ်တဲ့ ဒါနကုသိုလ်နဲ့ သီလ စောင့်သူ စသည်တွေရဲ့ သီလကုသိုလ် စသည်ကို ဝမ်းမြောက်တာဟာ ပတ္တာနုမောဒန ခေါ်ပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[သင်္ဂြိုဟ် ဘာသာဋီကာ၊ ၃၉၄]

၁၃၆။မေး။ ။ အောက်ပါလိမ်ညာသူတွေမှာ ကမ္မပထမြောက်ပါသလား။

၁။ လိမ်ပေမယ့် အလိမ်ခံရသူက မယုံရင်။

၂။ မင်းလည်း စိတ်ချမ်းသာအောင်၊ လူတစ်ဖက်သားလည်း ရာဇဝတ်မှု လွတ်အောင် လိမ်ပြောသူ။

၃။ မိမိပစ္စည်းကို တောင်းလာရာမှာ ရှိပါလျက် "မရှိ" လို့ ပြောသူ။

၄။ သံသူမာရဇာတ်မှာ မိချောင်းကို လှည့်ပတ်တဲ့ အလောင်းတော်မျောက်မင်း။

ဖြေ။ ။ ၁။ ကမ္မပထ မမြောက်ပါ။(ယုံလည်းယုံ၊ ယုံပြီး တစ်စုံတစ်ခုကိစ္စအတွက် အကျိုးစီးပွားလည်း ပျက်မှ ကမ္မပထ မြောက်တယ်။)

http://www.dhammadownload.com



၂။ ၃။ ၄။ မုသာဝါဒ ဖြစ်ပေမယ့် သူတစ်ပါး အကျိုး မပျက်လို့ ကမ္မပထ မမြောက်ပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[သင်္ဂြိုဟ်ဘာသာဋီကာ၊ ၃၇၃]

၁၃၇။မေး။ ။ အောက်ပါပုဂ္ဂိုလ်တွေမှာ သမ္ဖပ္ပလာပ ဖြစ်ပါသလား။

၁။ ပင်ကိုက မဟုတ်မမှန်ပေမယ့် အကျိုးရှိအောင် ဥပမာသဘောမျိုးနဲ့ ကြံဆောင်ရေးသား ပြောဆိုသူ။

၂။ အကျိုးပင် မရှိပေမယ့် ဟုတ်မှန်တဲ့ အကြောင်းအရာကို အရပ်စကားအနေနဲ့ ပြောဆိုသူ။

ဖြေ။ ။ သမ္ဖပ္ပလာပ မဖြစ်ပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[သင်္ဂြိုဟ်ဘာသာဋီကာ၊ ၃၇၇]

၁၃၈။မေး။ ။ အမှောင်တွင်းမှာ သူ့မယားကို ကိုယ့်မယားထင်မှတ်ပြီး သွားလာတဲ့ယောကျ်ားနဲ့ ကိုယ့်ခင်ပွန်းထင်မှတ်ပြီး သည်းခံတဲ့ မိန်းမတွေမှာ ကာမေသုမိစ္ဆာစာရဖြစ်ပါသလား။

ဖြေ။ ။ အဂမနီယဝတ္ထု ဖြစ်ခြင်း စတဲ့ အင်္ဂါ ၄ ပါးနဲ့ ညီညွတ်လို့ မိစ္ဆာစာရ ဖြစ်တယ်လို့ဆုံးဖြတ်ကြပါတယ်။ ဒါပေမဲ့ ခိုးယူလိုစိတ် မပါဘဲ အထင်

http://www.dhammadownload.com



များပြီး ဖြစ်ရလို့ အပြစ်ကြီးလှမယ်မထင်ပါ။ အဲဒီစကား မှန်ပါတယ်။ တချို့နေရာမှာ ကံ ထိုက်တိုင်းလည်း အပြစ်မကြီး၊ ကံမထိုက်ပေ မယ့်လည်း အဘိဓမ္မာသဘောအရ စေတနာ ယုတ်မာလှလို့ အပြစ်ကြီးလေးတဲ့အရာ များစွာ ရှိပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
[သဂြိုဟ်ဘာသာဋီကာ၊၃၆၅]

၁၃၉။မေး။ ။ သမီးကို ကျူးလွန်တဲ့ ဖခင်မှာ ကာမေသု မိစ္ဆာစာရ ဖြစ်ပါသလား။

ဖြေ။ ။ သမီးကို မိခင်က တစ်ဖက်တစ်လမ်း စောင့် ရှောက်လျက် ရှိသေးရင် ဖခင်မှာ မိစ္ဆာစာရ ဖြစ်ပါတယ်။ မိခင် မရှိရင်ဖြစ်စေ၊ သို့မဟုတ် မစောင့်ရှောက်ဘဲ ထားရင်ဖြစ်စေ မိစ္ဆာစာရ မဖြစ်ပါ။ ဒါပေမဲ့ စေတနာကတော့ ယုတ်မာလှ ပါတယ်။

မိခင် မရှိရင် အစ်မ၊ နှမ၊ အစ်ကို၊ မောင်၊ ဆွေမျိုး စသူတွေက စောင့်ရှောက်နိုင်သေးတယ် မဟုတ်ပါလား လို့မေးစရာ ရှိပါတယ်၊ ဖခင် အိမ်နေသူဖြစ်ရင် ဖခင်ရဲ့ အစောင့်အရှောက်က လိုရင်း ဖြစ်တယ်၊ အစောင့်အရှောက်တစ်မျိုး ရှိနေရင် အခြားတစ်မျိုးက အစောင့်အရှောက်

http://www.dhammadownload.com



မဖြစ်နိုင်၊ တကယ်လို့ ဖခင်နဲ့ အတူမနေဘဲ အစ်မ စသူတို့ အစောင့်အရှောက်ခံနေသူ၊ သို့မဟုတ် သီလရှင်ဖြစ်လို့ တရားကျင့်ဖော်တို့က စောင့်ရှောက်ခံရသူကို ဖခင်က ကျူးလွန်ရင် တကယ်ပဲ မိစ္ဆာစာရ ဖြစ်ပါတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
[သင်္ဂြိုဟ်ဘာသာဋီကာ၊ ၃၆၅]

၁၄၀။မေး။ ။ ပြည့်တန်ဆာမမှာ သွားလာသူအား ကာမေသု မိစ္ဆာစာရ ဖြစ်ပါသလား။

ဖြေ။ ။ ပြည့်တန်ဆာမတွေမှာ မိဘစသူတွေက မကျေနပ်သေမယ့် မိန်းမထိန်းက တစ်နည်းနည်းနဲ့ ပိုင်နေပါပြီ။ အဲဒီမိန်းမထိန်းတွေက ကျေနပ်ရင် မုဟုတ္တိကာ(ခဏမျှ မယားပြုအပ်တဲ့မယား) တွင် ပါဝင်လို့ မိစ္ဆာစာရအပြစ် မရှိပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
[သင်္ဂြိုဟ်ဘာသာဋီကာ၊ ၃၆၅]

၁၄၁။မေး။ ။ တိရစ္ဆာန်မ၊ အရူးမတွေမှာ သွားလာရင် ကာမေသု မိစ္ဆာစာရ ဖြစ်ပါသလား။

ဖြေ။ ။ တိရစ္ဆာန်မမှာ အမြဲလင်ဖြစ်တဲ့ တိရစ္ဆာန်ထီးရှိနေရင် ဖြစ်စေ၊ နဂါးစသည်တွေလို ဆိုင်ရာမိဘက စောင့်ရှောက်ထားရင်ဖြစ်စေ မိစ္ဆာစာရ ဖြစ်ပါတယ်။ အဲဒီလို မရှိရင် မိစ္ဆာစာရ မဖြစ်ပါ။

http://www.dhammadownload.com



အရှုးမလို မိဘ စသူတွေက အုပ်ထိန်းလျက် ရှိသေးရင် မိစ္ဆာစာရ ဖြစ်ပါတယ်။ အအုပ်အထိန်း မရှိသူမှာ သာရက္ခာ(အစောင့်အရှောက် ရှိတဲ့ မိန်းမ) သပရိဒဏ္ဍာ (မင်းပြစ် မင်းဒဏ် မကင်းတဲ့ မိန်းမ) တို့နဲ့လည်း မဆိုင်တော့လို့ မိစ္ဆာစာရ မဖြစ်ပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
[သင်္ဂြိုဟ်ဘာသာဋီကာ၊ ၃၆၅]

၁၄၂။မေး။ ။ မိမိကာမကို မိမိပိုင်တဲ့ မိန်းမ၊ မပိုင်တဲ့ မယား ဘယ်လောက် ရှိပါသလဲ။

ဖြေ။ ။ အမိ၊ အဖ၊ အမိအဖ၊ အစ်မညီမ၊ မောင်ကြီး မောင်ငယ်၊ ဆွေမျိုး၊ အနွယ်တူလူ၊ တရားကျင့်ဖော်တွေက အစောင့်ရှောက်ခံရတဲ့ မိန်းမတွေ ၈ ယောက် ဟာ ကာမပိုင်ယောကျ်ား မရှိတဲ့ အပျိုမိန်းမတွေပဲ။ မိမိတို့ ကာမအတွေ့ကို မိမိ သဘောရှိ ပေးနိုင်ကြတယ်။ မိဘ စသူတွေက စောင့်ရှောက်တယ် ဆိုပေမယ့် သူတစ်ပါးတို့ မစော်ကားနိုင်ရုံသာ စောင့်ရှောက်ခြင်း ဖြစ်တယ်၊ ကာမကို မိဘတို့ မပိုင်ကြ။ ဒါကြောင့် အဲဒီမိန်းမတွေဟာ မိမိရဲ့ကာမကို သူတစ်ပါး အား ပေးတဲ့အတွက် ကာမေသုမိစ္ဆာစာရ မဖြစ်။ သာရက္ခာ စတဲ့ ကျန်တဲ့ ၁၂ ယောက်သော

http://www.dhammadownload.com



မိန်းမတွေကတော့ မိမိယောကျာ်းမှတစ်ပါး အခြားယောကျာ်းအား မိမိကာမကို ပေးရင် မိစ္ဆာစာရ ဖြစ်တယ်။

ယောကျာ်းတွေက ကိုယ်ပိုင်မယားမှ တစ်ပါး မာတုရက္ခိတာ စတဲ့(အပျို၊ အအို) ၂၀လုံးကို ကျူးလွန်ရင် မိစ္ဆာစာရ ဖြစ်တယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[သင်္ဂြိုဟ်ဘာသာဋီကာ၊ ၃၆၃၊ ၄]

၁၄၃။ မေး။ ။ ယခုကာလ မိဘစသူတွေက သဘောမတူပေမယ့် မိန်းကလေးက ဆန္ဒတူလို့ ထွက်ပြေးကြရာမှာ ယောကျာ်းမှာ မိစ္ဆာစာရအပြစ် ဖြစ်ပါသလား။

ဖြေ။ ။ အဲဒီမိန်းကလေးက ဆန္ဒဝါသိနီ (မိမိ ဆန္ဒအတိုင်း လင်အိမ်နေတဲ့) မယားအရာမြောက်လို့ ယောကျာ်းမှာ မိစ္ဆာစာရအပြစ် မရှိလို့ မှတ်ပါ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[သင်္ဂြိုဟ် ဘာသာဋီကာ၊ ၃၆၃]

၁၄၄။ မေး။ ။ ငရဲက ဘယ်မှာ ဘယ်လောက် ရှိတာပါလဲ။

ဖြေ။ ။ ဒီကမ္ဘာမြေကြီးရဲ့အောက် ယူဇနာ တစ်သောင်းငါးထောင် ၁၅၀၀၀ ကွာဝေးတဲ့ အရပ်မှာ ဥမင်လိုဏ်ကြီးသဖွယ် ဖြစ်လျက် အစဆုံး သိဉ္ဇိဝ်းငရဲ တည်ရှိတယ်။ အဲဒီအောက် အဆင့်ဆင့် ယူဇနာ

http://www.dhammadownload.com



တစ်သောင်းငါးထောင် ၁၅၀၀၀ စီ ကွာခြား လျက် ကာဠသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲလို့ ငရဲကြီး ၈ ထပ် တည်ရှိပါတယ်။ အဲဒီငရဲကြီး၈ ထပ်ထဲက တစ်ထပ်တစ်ထပ်မှာ ဘင်ပုပ်ငရဲတစ်ထပ်၊ ပြာပူငရဲတစ်ထပ်၊ လက်ပံ တော ငရဲ တစ်ထပ်၊ သန်လျက် ရွက်တောငရဲ တစ်ထပ်၊ ကြေးနီရေတွေ စီးနေတဲ့ "ကြိမ်ပိုက် ချောင်း" ခေါ် ဝေတ္တရဏီငရဲတစ်ထပ် အားဖြင့် ငရဲငယ် ငါးထပ် တံတိုင်းခတ်သလို ရံပတ်ပြီး နေကြလေသတဲ့။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

[ရတနာ့ဂုဏ်ရည်၊ ၁၇၃]

၁၄၅။မေး။ ။ မြင်းမိုရ်တောင်၊ နတ်ပြည်၊ ဗြဟ္မာပြည်တွေက ဘယ်မှာ ရှိတာပါလဲ။

ဖြေ။ ။ စကြဝဠာ ကမ္ဘာလောကကြီးရဲ့ အလယ်ဗဟိုမှာ ယူဇနာ တစ်သိန်း ခြောက်သောင်း ရှစ်ထောင် မြင့်တဲ့ မြင်းမိုရ်တောင် တည်ရှိတယ်။[အဲဒီ ၁၆၈၀၀၀ မှာ ရှစ်သောင်း လေးထောင်က သမုဒ္ဒရာတွင်း နစ်မြုပ်နေလို့ သမုဒ္ဒရာရေပြင်မှ အထက်သို့ မြင့်တက်နေတဲ့ အထက်ပိုင်းကိုသာ ရေတွက်ပြီး "ယူဇနာ ရှစ်သောင်း လေးထောင်

http://www.dhammadownload.com



အမြင့်ဆောင်သော မြင်းမိုရ်တောင်” လို့ ဆိုကြပါတယ်။]

မြင်းမိုရ်တောင်ရဲ့ တစ်ဝက် ယုဂန္ဓိုရ်တောင်ထိပ်မှာ စတုမဟာရာဇ်နတ်ပြည် တည်ရှိတယ်။ ယခု မြင်ရတဲ့ နေ၊ လ၊ နက္ခတ်တွေဟာ စတုမဟာ နတ်ပြည်မှာ ပါဝင်တဲ့ ဘုံဗိမာန်တွေလို့ ဗုဒ္ဓဘာသာကျမ်းစာတွေမှာ ဆိုပါတယ်၊ မြင်းမိုရ်တောင်ထိပ်နဲ့ ညီမျှတဲ့ အရပ်မှာ တာဝတိံသာ နတ်ပြည် တည်ရှိတယ်။

သိကြားမင်းစံရာ သုဒဿနခေါ် နတ်မြို့တော်ဟာ မြင်းမိုရ်တောင်ထိပ်မှာ တည်ရှိသတဲ့။ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်လေးထပ်ကတော့ မြေကြီးနဲ့ လုံးဝမစပ်ဘဲ ကောင်းကင်မှာပဲ အဆင့်ဆင့် မြင့်ကာ တည်ရှိကြတယ်။ ဗြဟ္မာဘုံတွေလည်း အဲဒီလိုပါပဲ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
[ကိုယ်ကျင့် အဘိဓမ္မာ၊ ၃၀၂ ]

၁၄၆။မေး။ ။ အနောက်နိုင်ငံ စိတ်ပညာရှင်တွေက ဘဝင်စိတ်ကို မသိစိတ်လို့ ဆိုပြီး အဲဒီ မသိစိတ်ထဲမှာ အာရုံတွေ အောင်းနေတယ်လို့ ဆိုကြပါတယ် အဲဒါ ဟုတ်ပါသလား။

http://www.dhammadownload.com



ဖြေ။ ။ ရှေးရှေးက ရယူခဲ့တဲ့ အာရုံတွေက အောင်းနေတယ်လို့ ဆိုကြပါတယ်။ သူတို့အမြင်ကလည်း သိပ်တော့ မဆိုးလှဘူး။ ယုတ္တိတန်သလောက်တော့ အတန်သားပဲ။ ရှေ့သညာက နောက်သညာ ဆက်ဆက်ပြီး မှတ်သားလာခဲ့တာ ဖြစ်တော့ ဘဝင်တွေခြားနေပေမယ့် ပြန်ပြီး စဉ်းစားဆင်ခြင်တဲ့အခါ ပြန်ပြီး ပေါ်လာတယ်။ ဘဝင်တွေ ခြားနေတုန်း မေ့လျော့နေခဲ့တဲ့ အာရုံတွေဟာ ဘဝင်ထဲမှာ အောင်းနေသလို ဖြစ်နေတယ်။

ဒါပေမဲ့ သူတို့ထင်သလို ဘဝင်ထဲမှာတော့ ဒီအာရုံတွေ အောင်းမနေပါဘူး။ ဘာကြောင့်လဲဆိုတော့ ဝီထိစိတ်သညာက မှတ်သားလာခဲ့တဲ့ အာရုံလို ဘဝင်စိတ်က အာရုံမပြု မမှတ်သားခဲ့တာ ဖြစ်လို့ပါပဲ။

ဘဝင်စိတ် အာရုံပြုတာက ပြုနေကျ သူ့အာရုံကိုသာ သူ ပြုတာပဲ။ ဒိပြင် ဖြစ်ပေါ်လာတဲ့ အာရုံတွေကို သူက အာရုံမပြုဘူး၊ မသိဘူး။ ဒါကြောင့် သူ့အထဲမှာ ဒိပြင်အာရုံတွေ အောင်းမနေပါဘူး။ ဒါပေမဲ့ ဒီလို ခက်ခက်ခဲခဲ အသိခက်နေတဲ့ နေရာမှာ ဒီလောက်ထုတ်ဖော်နိုင်တာကိုတော့ အနောက်နိုင်ငံ စိတ်ပညာရှင်တွေကို

http://www.dhammadownload.com



ချီးကျူးထိုက်ပါတယ်။ ဟောကြားထားခဲ့တဲ့ ဝိထိ စိတ်အစဉ်ကိုသာ မသိရဘူးဆိုရင် သူတို့ အဆိုကို လက်ခံရလောက်အောင် သတ္တိရှိနေပါ တယ်။

(မဟာစည်ဆရာတော်ကြီး)

[အဘိဓမ္မာတရားတော်ကြီး၊ ၃၂၁ ]

၁၄၇။မေး။ ။ နတ်၊ ဗြဟ္မာ၊ သိကြား၊ ဂိုဏ်းဆရာကြီးတွေက ကယ်တင်လိမ့်မယ်လို့ ထင်ပြီး အဲဒါတွေကို ကိုးကွယ်ရင် သီလဗ္ဗတ ပရာမသ ဒိဋ္ဌိ ဖြစ်ပါ သလား။

ဖြေ။ ။ ဖြစ်ပါတယ်၊ အဟုတ်တကယ်လည်း ကယ်တင် နိုင်မှာ မဟုတ်ပါဘူး။ မျက်စိစုံမှိတ်ပြီး ယုံသာ ယုံနေကြတာပါပဲ။

(မဟာစည်ဆရာတော်ကြီး)

[အဘိဓမ္မာတရားတော်ကြီး၊ ၂၄၅ ]

၁၄၈။မေး။ ။ ဆင်၊ မြင်း၊ သစ်ပင်၊ တော၊ တောင်၊ နက္ခတ် တာရာ၊ ဂြိုဟ်၊ နေ၊ လတွေကို ကိုးကွယ်ရင် လည်း သီလဗ္ဗတပရာမာသ ဒိဋ္ဌိ ဖြစ်ပါသလား။

ဖြေ။ ။ ဖြစ်ပါတယ်။ ဒီလို ကိုးကွယ်နေကြတာတွေ အများကြီး ရှိတယ်။ အိန္ဒိယမှာလည်း ရှိတာပဲ၊ ဥရောပမှာလည်း ရှိတာပဲ၊ ရောမမှာလည်း ရှိ

http://www.dhammadownload.com



တာပဲ၊ အများကြီးပါပဲ။ အဲဒါတွေဟာ သီလဗ္ဗတ ပရာမာသဒိဋ္ဌိထဲမှာချည်း ပါဝင်နေကြတယ်။

(မဟာစည်ဆရာတော်ကြီး)

[အဘိဓမ္မာတရားတော်ကြီး၊ ၂၄၅ ]

၁၄၉။ မေး။ ။ ဝိပဿနာရှုရာမှာ ဆင်ခြင်တဲ့စိတ်က တစ်ကြိမ်၊ ဝိပဿနာဇောက ၇ ကြိမ်၊ တဒါရုံက ၂ ကြိမ်၊ ပေါင်း ၁၀ ကြိမ် ဖြစ်ရင် ၁၀ ကြိမ်လုံးကို သိနိုင်ပါသလား။ မြင်ရာ၊ ကြားရာ၊ နံရာ၊ စားရာ၊ ထိရာမှာလည်း စိတ်အကြိမ်တိုင်းကို သိနိုင်ပါသလား။

ဖြေ။ ။ အဲဒီလို ၁၀ ကြိမ်ဖြစ်တယ်။ ဒါပေမဲ့ ရှုမှတ်တဲ့ ပုဂ္ဂိုလ်မှာတော့ စိတ်တစ်ခုတည်း တစ်ကြိမ်တည်းလို့ သိတယ်။ ဒီထက် ပိုပြီးတော့လည်း မသိနိုင်ဘူး။

မြင်သိရင် ပဉ္စဒွါရဝီထိက စိတ်အစဉ် ၁၄ ကြိမ်၊ နောက်လိုက် မနောဒွါရဝီထိက ၁၀ ကြိမ်၊ အဲဒါ စိတ်အကြိမ် အနည်းဆုံးပဲ၊ ဒါပေမဲ့ ရှုမှတ်တဲ့ယောဂီပုဂ္ဂိုလ်ကတော့ မြင်သိစိတ်ဟာ တစ်ကြိမ်တည်းပဲ လို့သိတယ်၊ ကြားသိတာ၊ နံသိတာ၊ စားသိတာ၊ တွေ့သိတာတွေကိုလည်း မြင်သိတာလိုပဲ တစ်ကြိမ်တည်းအနေနဲ့ သိတယ်။

အဲဒီစိတ်အကြိမ်တိုင်းကို ရှုလို့လည်း မဖြစ်နိုင်ဘူး။ ဘယ်သူမှလည်း မရှုနိုင်ဘူး။ ရဟန္တာ

http://www.dhammadownload.com



ပုဂ္ဂိုလ်တွေလည်း မရှုနိုင်ဘူး။ ဘုရားတောင်မှ လည်း မရှုနိုင်ပါဘူး။ ဘုရားသိတယ် ဆိုတာက သဗ္ဗညုတဉာဏ်နဲ့သာ သိတာပဲ။ ဝိပဿနာ ဉာဏ်နဲ့ကတော့ အဲဒီလို ရှုလို့ မဖြစ်ပါဘူး။

(မဟာစည်ဆရာတော်ကြီး)

[အဘိဓမ္မာတရားတော်ကြီး၊ ၃၈၁ ]

၁၅၀။မေး။ ။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကို ချပြလို့ သိတဲ့ အသိက ကိုယ်ပိုင်အသိပါလား။

ဖြေ။ ။ ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်လို့ အကြောင်းနဲ့အကျိုး ကို သိမှ ပဋိစ္စသမုပ္ပါဒ်ကို သိတာပါ၊ စက်ဝိုင်း ကြီး ချပြလို့ သိတာက ကိုယ်ပိုင်သိ မဟုတ်ဘူး၊ သုတသိ သိတာ၊ အဲဒါက သုတမယဉာဏ်နဲ့ သိတဲ့ သုတသိခေါ်တယ်။ အဲဒါလောက်နဲ့ ကိစ္စ မပြီးသေးဘူး၊ ဘာဝနာ မယ ဉာဏ်နဲ့ ကိုယ်ပိုင် သိအောင် ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်ရတယ်၊ ရှုတိုင်း ရှုတိုင်း အကြောင်း အကျိုးဆက်တွေကို သိမှ ပဋိစ္စသမုပ္ပါဒ်အစစ်ကို သိတာပဲ။

(မဟာစည်ဆရာတော်ကြီး)

[အဘိဓမ္မာတရားတော်ကြီး၊ ၃၆၄ ]

**သာမဏေကျော်**

**တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ၆၄ ခု**

**၄- ၁၀-၂၀၀၂**